# ပထမအကြိမ်ပြည်သူ့လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး(မူကြမ်း)

# ၁၉ ရက်မြောက်နေ့မှတ်တမ်း (၁၆-၉-၂၀၁၁)

**အချိန်**၊၁၀ း ၀၀။

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၉ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၉၅) ဦး ရှိတဲ့အနက် (၃၈၅) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၇.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဗိုလ်မှူးလေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်ကြည်း ၂၂၀၃၁ ဗိုလ်မှူးလေးနိုင်မှ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ်ကြည်း ၃၀၈၅၉ ဗိုလ်မှူးဝင်းအောင်၏ကိုယ်စား ခွင့်တိုင်ကြားမှာဖြစ်ပါတယ်ခင်ဗျား။ ဗိုလ်မှူးဝင်းအောင်သည် ဝမ်းကိုက်ရောဂါဖြင့် အဆောင်တွင်အနားယူနေရသည့်အတွက် ယနေ့

အစည်းအဝေးသို့ မတက်ရောက်နိုင်ပါသဖြင့် ၁၆-၉-၂၀၁၁ ရက်နေ့ တစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ ခွင့်ပြုသူ ၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ အတည်ပြုချက်ဖြင့်ပေးပို့သော အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၇၊ နည်းဥပဒေခွဲ(ခ)အရ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာ တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အလုပ်သမားအဖွဲ့အစည်းဥပဒေကြမ်းအပေါ် တွေ့ရှိချက်များကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်သွင်းသွားမှာဖြစ်ပါတယ်။ အပိုဒ် ၁၊ ပြည်ထောင်စုအလုပ်သမားဝန်ကြီးဌာန၏ အလုပ်သမားအဖွဲ့အစည်း ဥပဒေပြုကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်ပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်တွင် ဆက်လက်ဆွေးနွေးရန် ပေးပို့လာခဲ့ပါသည်။ အမျိုးသားလွှတ်တော်မှ ပေးပို့လာသော အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းတွင် အခန်း(၁၄)ခန်းနှင့် ပုဒ်မပေါင်း ၅၅ ခု ပါဝင်ကြောင်းတွေ့ရှိရပါသည်။ စိစစ်တွေ့ရှိချက်များအပိုဒ် ၂ ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုပြီးဖြစ်သော အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ နဲ့အညီစိစစ်ခဲ့ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်။ (က)အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ညှိနှိုင်း တိုက်တွန်းချက်အရလည်းကောင်း၊ နိုင်ငံတော်၏ပြောင်းလဲလာသော ခေတ်စနစ်နဲ့ ကိုက်ညီစေရန်လည်းကောင်း၊ အလုပ်သမားနှင့်အလုပ်ရှင်အကြား၊ အလုပ်သမားအချင်းချင်းအကြား ပေါ်ပေါက်လာသောပြဿနာများကို အလုပ်သမားများကိုယ်တိုင် အဖွဲ့အစည်းများဖွဲ့စည်း၍ ပါဝင်ဖြေရှင်းနိုင်ရန်လည်းကောင်း ရည်ရွယ်လျက် ဤဥပဒေကြမ်းကိုတင်ပြခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။ (ခ) အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းတင်သွင်းသည့် ပြည်ထောင်စုအလုပ်သမားဝန်ကြီးဌာနနှင့်အသေးစိတ်ညှိနှိုင်းပြီး ပြန်လည်ပြင်ဆင်ဖြည့်စွက်သင့်သည်များကို သဘောတူဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရပါသည်။ (ဂ)လွှတ်တော်၏ အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်သည့်အားလျော်စွာ ဥပဒေကြမ်းကော်မတီ၏လက်ငင်းတာဝန်နဲ့အညီ စိစစ်ဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအား အောက်ပါအတိုင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၁ နိဒါန်းတွင် အလုပ်သမားများအကြားဟူသောစကားရပ်ကို အလုပ်သမားအချင်းချင်းအကြားဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၃၊ ပုဒ်မ ၂ (က)တွင် တပ်မတော်သားဆိုသည့်စကားရပ်ရှေ့တွင် သို့ရာတွင်ဟူသောစကားရပ်ကို ဖြည့်စွက်အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၄၊ ပုဒ်မ ၂(ခ)၏ နောက်ဆုံးတွင် အလုပ်ရှင်၏တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာကိုယ်စားလှယ်လည်း အကျုံးဝင်သည်ဟူသောစကားရပ်ကို ဖြည့်စွက်အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၅၊ ပုဒ်မ ၂ (ဂ)တွင် လုပ်ငန်းဆိုသည့်စကားရပ်ကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု ဟူသောစကားရပ်ဖြင့် အစားထိုးထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၆၊ ပုဒ်မ ၂ (စ)တွင် မရတော့သည့် အခြေအနေနှင့်ဆက်နွယ်၍ဟူသော စကားရပ်ကို မရနိုင်သည့်အခြေအနေ၌ ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်အတည်ပြုထားကြောင်း တွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၇၊ ပုဒ်မ၂(ဆ)တွင် ရုတ်ခြည်းဆိုသည့်စကားရပ်အစား ရုတ်တရက်ဟုလည်းကောင်း ထွက်ခွာသွားရာဝင်းတို့၏ စကားရပ်အစား ထွက်ခွာသွားနိုင်သော ယင်းတို့၏ ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်အတည်ပြုထားကြောင်း တွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၈၊ ပုဒ်မ၂(ည)တွင် သက်ဆိုင်ရာဥပဒေအရဟူသောစကားရပ်ကို ဝါဏ္ဏိဇ္ဇပဋိပက္ခအက်ဥပဒေအရ ဟူသောစကားရပ်ဖြင့် ပြင်ဆင်အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၉၊ ပုဒ်မ ၃ တွင် လုပ်ငန်းတစ်ခုခုရှိသည်ဆိုသည့်စကားရပ်ကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုရှိသည် ဟူသောစကားရပ်ဖြင့် ပြင်ဆင်အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၁၀၊ ပုဒ်မ ၄(က)ပါစာပိုဒ်ကို ပုဒ်မ ၄(က-၁) နှင့် ပုဒ်မ ၄(က-၂)အဖြစ် ပြောင်းလဲ

ပြင်ဆင်အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၁၁၊ ပုဒ်မ ၄(င)၏ စာပိုဒ်ရှေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို ဟူသောစကားရပ်ကိုဖြည့်စွက်ပြီး ယင်းစကားရပ်ကို နောက်ဆုံးစာကြောင်းတွင် ပယ်ဖျက်အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၁၂၊ ပုဒ်မ ၆ တွင် အလုပ်သမားရေးရာအဖွဲ့များ ဟူသောစကားရပ်အစား အလုပ်သမားရေးရာအဖွဲ့ဟု ပြင်ဆင်အတည်ပြု ထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၁၃၊ ပုဒ်မ ၇(ဂ)တွင် မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာ အဖွဲ့များကို ဟူသောစကားရပ်အစား မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ကို ဟူသော စကားရပ်ဖြင့် ပြင်ဆင်အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၁၄၊ ပုဒ်မ ၈ တွင် ဤဥပဒေအရ အလားတူ ဖွဲ့စည်းနိုင်သည့်ဟူသည့်စကားရပ်ကို အပြိုင်ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်အတည်ပြု ထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၁၅၊ အခန်း(၄)၊ ပုဒ်မ ၁၃ ဤခေါင်းစဉ်တွင် အလုပ်အမှုဆောင် အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအစား အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များဟု ပြင်ဆင် အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၁၆၊ ပုဒ်မ ၁၄ တွင် အလုပ်သမားရေးရာအဖွဲ့များ အစား အလုပ်သမားရေးရာအဖွဲ့ဟု ပြင်ဆင်အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၁၇၊ ပုဒ်မ ၁၇ တွင် ၎င်းတို့၏ ဟူသောစာသားကို ယင်းတို့၏ဟူသောစကားရပ်ဖြင့် ပြင်ဆင်အတည်ပြုထားကြောင်းတွေ့ရှိ ရပါသည်။ အပိုဒ်ခွဲ ၁၈၊ ပုဒ်မ ၂၆ တွင် အဖွဲ့ချုပ်များ၊ အဖွဲ့များဟူသော စကားရပ်အစား အဖွဲ့ချုပ်၊ အဖွဲ့ဟူ ၍ ပြင်ဆင်အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၁၉၊ ပုဒ်မ ၂၇ ပါ အားကစားဆိုသည့် စကားရပ်နောက်တွင် ကျွမ်းကျင်မှုဆိုင်ရာစကားရပ်ကို ဖြည့်စွက်ခြင်း၊ အတိအလင်းရေးသားထားသော ကိစ္စရပ်များမှအပ အခြားမည်သည့်ရည်ရွယ်ချက်တစ်ခုခုအတွက်မျှ သုံးစွဲခြင်းမပြုရဟူသောစကားရပ် အစားကိစ္စရပ်များတွင်သာ သုံးစွဲရမည်ဟု ပြင်ဆင်အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ် ၂၀၊ ပုဒ်မ ၃၁ တွင် ၎င်းတို့၏ဟူသောစကားရပ်များကို ယင်းတို့၏ဟူသောစကားရပ်ဖြင့်ပြင်ဆင် အတည်ပြု ထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၂၁၊ ပုဒ်မ ၃၂(ဂ) တွင် လက်ခံရရှိသည့်နေ့မှ အများဆုံးရက်ပေါင်း ၃၀ အတွင်းဟူသောစကားရပ်မှာ အများဆုံးဆိုသောစကားရပ်ကိုပယ်ဖျက်၍ အတည်ပြုထားကြောင်း တွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၂၂၊ ပုဒ်မ ၃၂(င) တွင် သင့်လျော်သောအဖွဲ့ဝင်ဦးရေက ဟူသော စကားရပ်အစား ၁၀ ရာခိုင်နှုန်းအောက်မနည်းသော ပေါင်းစည်းဆက်သွယ်ထားသည့် အလုပ်သမား အဖွဲ့အစည်းများက ဟူ၍ ပြင်ဆင်အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၂၃၊ ပုဒ်မ ၃၄ ကို ပုဒ်မ ၃၄ နဲ့ ပုဒ်မ ၃၅ ဟူ၍ ပုဒ်မနှစ်ခုခွဲ၍လည်းကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မှုခင်း ဖြစ်ရပ်၏အနှစ်သာရကို စစ်ဆေးခွင့်ရှိသည်ဟူသောစကားရပ်ကို ပယ်ဖျက်၍ ထိုသို့ဟူသောစကားရပ်ကို ယင်းဟုပြင်ဆင်ပြီး မကျေနပ်သူက ပုဒ်မ ၃၄ အရ ဟူသောစကားရပ်ကို ပြည်ထောင်စု

တရားလွှတ်တော်ချုပ် စကားရပ်၏ရှေ့တွင် ဖြည့်စွက်ပြင်ဆင်အတည်ပြုထားကြောင်း တွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၂၄၊ အခန်း(၁၁)၊ ပုဒ်မ ၃၆ တွင် အလုပ်သမားများသို့လည်းကောင်း၊ စကားရပ်အား သက်ဆိုင်ရာမြို့နယ် အလုပ်သမားအဖွဲ့အစည်းဆိုသည့်စကားရပ်ရှေ့တွင် ဖြည့်စွက်၍ ပုဒ်မ ၃၇ အဖြစ် ပြင်ဆင်ပြောင်းလဲ အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၂၅၊ ပုဒ်မ ၃၇(ခ)တွင် အလုပ်သမားများ၏ သပိတ်မှောက်ခြင်းဆိုင်ရာအခွင့်အရေးကို မထိခိုက်စေဘဲဟူသည့်စကားရပ်ကို စာပိုဒ်၏ရှေ့တွင် ဖြည့်စွက်ပြီး ပုဒ်မ ၃၈ အဖြစ် ပြင်ဆင်ပြောင်းလဲအတည်ပြုထားကြောင်း တွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၂၆၊ ပုဒ်မ ၄၀(က)စာပိုဒ်ရှေ့တွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုစကားရပ်ကို ဖြည့်စွက်ပြီး ပုဒ်မ ၄၁ (က) အဖြစ် ပြင်ဆင်ပြောင်းလဲ အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၂၇၊ ပုဒ်မ ၄၃(ခ)တွင် ပုဒ်မ ၄၀ (က)နှင့်(ဂ)ကို ပုဒ်မ ၄၀၊ ၄၁(က)နဲ့(ဂ)ဟု ပြင်ဆင်ပြီး ပုဒ်မ ၄၄(ခ)အဖြစ် ပြင်ဆင်ပြောင်းလဲ အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၂၈၊ ပုဒ်မ ၄၃(ဂ)တွင် ပုဒ်မ ၄၀(က)နှင့်(ဂ)ကို ပုဒ်မ ၄၁(က)နှင့်(ဂ)ဟုပြင်ဆင်ပြီး ပုဒ်မ ၄၄ (ဂ)အဖြစ် ပြင်ဆင် ပြောင်းလ အတည်ပြုထားကြောင်း တွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၂၉၊ ပုဒ်မ ၄၄ တွင် ပုဒ်မ ၃၇ အစား ပုဒ်မ ၃၈ ဟုပြင်ဆင်ပြီး ပုဒ်မ ၄၅ အဖြစ်ပြင်ဆင်ပြောင်းလဲ အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၃၀၊ ပုဒ်မ ၄၅ တွင် ပုဒ်မ ၃၈ အစား ပုဒ်မ ၃၉ ဟုပြင်ဆင်ပြီး ပုဒ်မ ၄၆ အဖြစ် ပြင်ဆင်ပြောင်းလဲ အတည်ပြုထားကြောင်းတွေ့ရှိရ ပါသည်။ အပိုဒ်ခွဲ ၃၁၊ ပုဒ်မ ၄၆ နှင့် ၄၆ (က)ကို ပုဒ်မ ၄၇ (က) အဖြစ်ပြင်ဆင်ပြောင်းလဲ အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၃၂၊ ပုဒ်မ ၄၆(ခ)တွင် ပုဒ်မ ၄၀ အစား ပုဒ်မ ၄၁ ဟုပြင်ဆင်ပြီး ပုဒ်မ ၄၇ (ခ)အဖြစ်ပြင်ဆင်ပြောင်းလဲ အတည်ပြုထားကြောင်း တွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၃၃၊ ပုဒ်မ ၄၇ တွင် အလုပ်သမားအဖွဲ့အစည်းများ၏ ရန်ပုံငွေကို ယင်းတို့၏ ဖွဲ့စည်းပုံစည်းမျဉ်းများတွင်ဖော်ပြထားသော လူမှုသက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစား ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းစသည့်ကိစ္စရပ်များနှင့် ယင်းကိစ္စရပ်များအတွက် ရည်ရွယ်ခေါ်ယူကျင်းပသော အဆိုပါအလုပ်သမားအဖွဲ့အစည်း၏ အထွေထွေအစည်းအဝေးတွင် အဖွဲ့ဝင်အများစုက အတည်ပြုချမှတ်ထား သည့် ကိစ္စရပ်များမှအပ သုံးစွဲခြင်း မပြုရဟု ပြင်ဆင်ပြီး ပုဒ်မ ၄၈ အဖြစ်ပြင်ဆင်ပြောင်းလဲ အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၃၄၊ ပုဒ်မ ၄၉ (ခ)တွင်ဆေးရုံ၊ စာသင်ကျောင်း၊ သာသနိကအဆောက်အဦဟူသောစကားရပ်ကို ဖြည့်စွက်ပြီး ပုဒ်မ ၅၀(ခ)အဖြစ်ပြင်ဆင်ပြောင်းလဲ အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၃၅၊ ပုဒ်မ ၅၀ တွင် ပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၃ အစား ပုဒ်မ ၄၃ နှင့် ပုဒ်မ ၄၄ ဟုပြင်ဆင်ပြီး ပုဒ်မ ၅၁ အဖြစ်ပြင်ဆင်ပြောင်းလဲ အတည်ပြုထားကြောင်း တွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၃၆၊ ပုဒ်မ ၅၁ တွင် ပုဒ်မ ၄၄ ပုဒ်မ ၄၅ နှင့် ပုဒ်မ ၄၆

အစား၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၆ နှင့် ပုဒ်မ ၄၇ ဟုပြင်ဆင်ပြီး ပုဒ်မ ၅၂ အဖြစ် ပြင်ဆင်ပြောင်းလဲ အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၃၇၊ ပုဒ်မ ၅၂ တွင် ပုဒ်မ ၄၇ အစား ပုဒ်မ ၄၈ ဟုပြင်ဆင်ပြီး ပုဒ်မ ၅၃ အဖြစ်ပြင်ဆင်ပြောင်းလဲ အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၃၈၊ ပုဒ်မ ၅၃ တွင် ပုဒ်မ ၄၈ နှင့် ပုဒ်မ ၄၉(က)အစား ပုဒ်မ ၄၉ နဲ့ ပုဒ်မ ၅၀(က) ဟု ပြင်ဆင်ပြီး ပုဒ်မ ၄၉(ခ)နှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ကို ပြစ်မှုဆိုသည့် စကားရပ်အစား ပုဒ်မ ၅၀၊ ပုဒ်မခွဲ (ခ) အဖြစ် တားမြစ်ချက်အား စကားရပ်အဖြစ်အစားထိုးပြီး ပုဒ်မ ၅၄ နှင့် ပုဒ်မ ၅၅ အဖြစ် အပိုဒ်ခွဲ၍ ပြင်ဆင် ပြောင်းလဲအတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၃၉၊ ပုဒ်မ ၅၄ တွင် ထောက်ထားရမည်ဟူသောစကားရပ်အား အလေးထားစဉ်းစားရမည်ဟူသော စကားရပ်အဖြစ်ပြင်ဆင်ပြီး ပုဒ်မ ၅၆ အဖြစ်ပြင်ဆင်ပြောင်းလဲ အတည်ပြုထားကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ ၄၀ ၊ ပုဒ်မ ၅၅၊ ပုဒ်မ ၅၅(က)နှင့် ပုဒ်မ ၅၅ (ခ)တို့ကို ပုဒ်မ ၅၇အဖြစ် ပြင်ဆင်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်သမားဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ အမိန့်ကြေညာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်ဟူသောစကားရပ် ပြင်ဆင်အတည်ပြုထားကြောင်း တွေ့ရှိရပါ သည်။

**အပိုဒ် ၃၊ ကော်မတီ၏စိစစ်တွေ့ရှိချက်-**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းအား အသေးစိတ် စိစစ်လေ့လာခဲ့ပြီး ကော်မတီ၏မူလတာဝန်ဖြစ်သော အခြေခံရမည့်မူ ၁၂ ချက်ဖြင့် တိုက်ဆိုင်စစ်ဆေးစိစစ်ခဲ့ပါသည်။ ထိုသို့စိစစ်ရာတွင် အချက် ၁၂ ချက်၏မူရင်းဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိစေရန် အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းအား စာသားပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများကို ဆောင်ရွက်ရန်လိုအပ်လာပါသည်။ ထို့ကြောင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ဆဲကာလအတွင်းတွင် အမျိုးသားလွှတ်တော်မှ စိစစ်အတည်ပြုပြီးဖြစ်သော အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းရောက်ရှိလာသဖြင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်လိုသည့်အချက်များနှင့်ကိုက်ညီနေသည်ကိုတွေ့ရှိရသဖြင့် ပုဒ်မအစီအစဉ်များ ပြန်လည်ပြင်ဆင်ရန် စိစစ်ချက်ဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူညီကြပါသည်။ အပိုဒ် ၄ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များပါဝင်သော အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ စိစစ်တွေ့ရှိချက်အား ပြည်သူ့လွှတ်တော်

ဆိုင်ရာနည်းဥပဒေ ၄၅ အရ လွှတ်တော်သို့ အစီရင်ခံတင်သွင်းအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့ ဥပဒေကြမ်း ကော်မတီရဲ့အစီရင်ခံစာမှာ ပြင်ဆင်ချက်မရှိသလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြင်ဆင်ချက်တစ်စုံတစ်ရာ တင်သွင်းခြင်းမရှိကြောင်းတွေ့ရှိရပါတယ်။ ဥပဒေကြမ်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ အားလုံးကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ (ဃ) အရ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုနိုင် ရန် လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူပါမယ်။ အဆိုမှာအမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့ သော အလုပ်သမားအဖွဲ့အစည်းဥပဒေကြမ်းကို သဘောတူညီချက်ရယူရန်ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အလုပ်သမားအဖွဲ့ အလုပ်သမားအဖွဲ့အစည်းဥပဒေကြမ်း တစ်ရပ်လုံးကို ပြည်သူ့လွှတ်တော်ကအတည်ပြုရန်သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် အလုပ်သမားအဖွဲ့အစည်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုထားသည့်အတိုင်း ပြည်သူ့လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အစည်းအဝေး ၁၈ ရက်မြောက်နေ့မှာ စတင်ဆွေးနွေးခဲ့တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်တင်သွင်းဆွေးနွေးခြင်း၊ အတည်ပြုခြင်းကိုဆက်လက်ဆောင်ရွက်ပါမယ်။ ၁၄-၈-၂၀၁၁ ရက်မှာ ဥပဒေကြမ်းရဲ့ အပိုဒ် ၇၊ အပိုဒ်ခွဲ(ဂ)အထိ ဆွေးနွေးအတည်ပြုပြီးဖြစ်ပါတယ်။ ဆက်လက် ဆောင်ရွက်ရန်မှာ ပြင်ဆင်ချက်အဆိုမရှိတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို အတည်ပြုပြီးဖြစ်တယ်လို့ သတ်မှတ်ပြီး လွှတ်တော်သို့ သီးခြားအဆိုတင်သွင်းခြင်း၊ သဘောတူညီချက်တောင်းခံခြင်းများ မပြုလုပ်တော့ကြောင်း တင်ပြလိုပါတယ်။ ပြင်ဆင်ချက်တင်သွင်းရန် အမည်စာရင်းပေးထားပြီးအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဖိတ်ကြားရာမှာ ကျန်ရှိခဲ့ရင် ကိုယ်စားလှယ်များအနေနဲ့ မတ်တတ်ရပ်အချက်ပြပြီး တင်ပြရန်ဖြစ်ပါတယ်။ ယခုဆက်လက်ဆောင်ရွက်ပါမယ်။ အဆိုမှာ အပိုဒ် ၇၊ အပိုဒ်ခွဲ (ဃ) သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်က ပြင်ဆင်ချက်ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ အခန်း (၄)၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးခန့်အပ်တာဝန်ပေးခြင်း၊ ပုဒ်မ ၇မှာ ကျွန်တော် ပုဒ်မခွဲ(ဃ) ၊ (င)၊ (စ)၊ (ဆ)အထိပြင်ဆင်ရန်အဆိုပြုထားပါတယ်။ (ဇ)ကိုတော့ထပ်မံဖြည့်စွက်တင်ပြခြင်းနဲ့ အဆိုပြုထားပါတယ်။ သို့သော်လည်းပဲ တင်ပြတဲ့ရည်ရွယ်ချက်ဟာ ကျွန်တော်အခန်း (၁၇)၊ အထွေထွေအခန်းမှာ ပါဝင်တဲ့ပုဒ်မ ၄၄ မှာ ကျွန်တော် ဖတ်ကြားပြီးတော့ ပုဒ်မ ၄၄ ကိုလေ့လာပြီးတော့မှ ကျွန်တော်တင်သွင်းထားခြင်းဖြစ်ပါတယ်။ ပုဒ်မ ၄၄ မှာက ကျွန်တော်တို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မိမိလုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သောအထောက်အကူရရှိနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြ၍စီမံဆောင်ရွက်နိုင်တယ်လို့ ဒီလိုဆိုထားပါတယ်။ အဲဒီ ပုဒ်မရဲ့ သဘောကတော့ ကျေးရွာခွဲများ၊ ရပ်ကွက်ငယ်များနဲ့ဖွဲ့စည်းထားတဲ့ရပ်ကွက်များအတွက် လိုအပ်တဲ့ရပ်ကွက်ကိုယ်စားလှယ်၊ ရပ်ကွက်ငယ်ကိုယ်စားလှယ်၊ ကျေးရွာငယ်ကိုယ်စားလှယ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးကနေပြီးတော့ လိုအပ်တဲ့အခါမှာ မြို့နယ်အုပ်ချုပ်ရေးမှူးဆီကိုတင်ပြပြီးတော့ အထောက်အကူရရှိနိုင်ရေးအတွက် တင်ပြဆောင်ရွက်ရမယ်လို့ ကျွန်တော်သဘောပေါက်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော် ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်တဲ့အချိန်မှာပဲ တစ်ခါတည်း ကျွဲကူးရေပါဖြစ်သွားအောင် နောက်ထပ် ဒီကျေးရွာခွဲကိုယ်စားလှယ်များ သီးသန့်ရွေးချယ်ခြင်းမပြုရအောင်လို့ ဒီလိုရည်ရွယ်ချက်နဲ့ ကျွန်တော် ပုဒ်မခွဲ (ဃ) ၊ (င)၊ (စ)၊ (ဆ)၊ (ဇ) တို့ကိုတင်ပြခဲ့ခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းသွားတဲ့အခါမှာ အချို့သောအချက်အလက်များသည် နည်းဥပဒေများတွင် ထည့်သွင်းနိုင်ကြောင်းလို့ ကျွန်တော်ရှင်းလင်းတာကို ကြားသိလိုက်ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့လည်း အခုကျွန်တော်တင်ပြတဲ့ရည်ရွယ်ချက်ကို ကျွန်တော် ပြင်ဆင်ရန်တင်ပြရတဲ့ရည်ရွယ်ချက်ကို ယခုလိုရှင်းလင်းတင်ပြခွင့်ရရှိပြီးတဲ့အပြင် ပြည်ထောင်စုဝန်ကြီးကလည်း ကြားသိပြီးဖြစ်မယ်ဖြစ်တဲ့အတွက် ကောင်းမွန်တဲ့အစိုးရ၊ သန့်ရှင်းတဲ့အစိုးရဖွဲ့စည်းတည်ဆောက်နိုင်ရေး အတွက် ဦးတည်ပြီးတော့လိုအပ်တဲ့ နည်းဥပဒေများကို ပြည်ထောင်စုဝန်ကြီးကရေးဆွဲသွားလိမ့် မယ်လို့ ယုံကြည်မျှော်လင့်မိတဲ့အတွက် ကျွန်တော်ရဲ့အဆို အခန်း (၄)၊ ပုဒ်မ ၇ (ဃ) ၊ (င)၊ (စ)၊ (ဆ)နဲ့ (ဇ) တို့ကိုပြန်လည်ရုပ်သိမ်းပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန် ပြန်လည်ရုပ်သိမ်းတဲ့အဆိုက စာပိုဒ် ၇ (ဃ) ၊ (င)၊ (စ) ကျွန်တော်များတယ် (ဆ)အခုပြန်ပြီးတော့ အဆိုကို ရုပ်သိမ်းမယ့်ဟာ ပြန်ပြီးတော့ဖတ်ကြားပေးပါ။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ ရုပ်သိမ်းတဲ့အဆိုများကို -

**ဥက္ကဋ္ဌ**။ ။ စာပိုဒ်ခွဲပဲဖော်ပြပေးပါ။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ စာပိုဒ်ခွဲ အခန်း ၄ ပုဒ်မ ၇ စာပိုဒ်ခွဲ(ဃ)၊ (င)၊ (စ)၊(ဆ) နှင့် (ဇ)ပါ။

**ဥက္ကဋ္ဌ**။ ။ ခဏလေး (စ)ပြီးလို့ရှိရင်-

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။(ဆ)(ဇ)။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော့်ဆီမှာရှိတဲ့ ပြင်ဆင်ချက်အဆိုမှာ(စ)နှစ်ခုဖြစ်ပါတယ်။ တစ်ခုက ဥပဒေကြမ်းကော်မတီရဲ့-

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ ဟုတ်တယ်ခင်ဗျာ့။ (စ)ကတော့ ဥပဒေကြမ်းကော်မတီကနေပြီးတော့ ပြင်ဆင်အတည်ပြုပြီးဖြစ်တဲ့အတွက် ကျွန်တော်ကတင်ပြရန်မလိုဘူးလို့ ယူဆပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ကောင်းပြီ။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းကော်မတီဟာ ကိုကျော်သွားပြီးတော့ နောက်တစ်ပိုဒ်မှာရေးထားတဲ့(စ)နောက်(ဆ)၊ (ဇ)ဒါကြောင့် ဦးသောင်းဟန်က စာပိုဒ်ခွဲ ၇၊ စာပိုဒ် ၇ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)အား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဒီမှာဇယားမှာဖော်ပြထားတဲ့ ပြင်ဆင်ချက်မှာပါသော(စ)အပိုဒ်နဲ့ ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုထားတာနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ပြင်ဆင်ရန်တင်ပြချက်မှာ ပုဒ်မ ၇ အစား (စ)အပြင် ထပ်မံ ဖြည့်စွက်ထားတဲ့ စာသားဟာ ရရှိသောမဲစာရင်းကိုရေတွက်၍ ကြော်ငြာရမည်ဟုပါရှိပါတယ်။ လျော်ကန်သင့်မြတ်တဲ့ စကားရပ်ဖြစ်တဲ့အတွက် ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၇၊ အပိုဒ်ခွဲ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာအပိုဒ် ၈ သည်ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဦးခင်မောင်ရည် အလုံမဲဆန္ဒနယ်အား ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရည် (အလုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ပြင်ဆင်ရန် ပြင်ဆင်ချက်အဆိုမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၅ ဦးပါအစုအဖွဲ့ကိုယ်စား အခန်း (၄)၊ ပုဒ်မ ၇ မှ ၉ အထိ ကျွန်တော်တို့သုံးဦး၊ ဦးစိုင်းဆောင်ဆီ နဲ့ ကျွန်တော်နဲ့ ဦးအောင်ထွန်းသာတို့က အပိုဒ်အလိုက်တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်က အပိုဒ် ၈ ကိုတင်သွင်းဖို့တာဝန်ကျပါတယ်။ အပိုဒ် ၈ မှာ ပြင်ဆင်ရန်တင်ပြချက်အနေနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး သည် ကြီးကြပ်ရေးအဖွဲ့ကတင်ပြသော ရွေးချယ်တင်မြှောက်ခြင်းခံရသည့်ပုဂ္ဂိုလ်ကို ပုဒ်မ ၅ ပါ အရည်အချင်းများနဲ့ပြည့်စုံပါက ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်ထားတာဝန်ပေးရမည် ပြင်ဆင်တာဖြစ်ပါတယ်။ ဒီပြင်ဆင်ချက် နဲ့ပတ်သက်ပြီးတော့ အနည်းငယ်ရှင်းလင်းလိုပါတယ်။ ပြင်ဆင်ချက်အဆိုအပိုဒ် ၈ သည် အပိုဒ် ၇ နဲ့ တစ်ဆက်တည်းအဓိပ္ပာယ်ကိုဆောင်ပါတယ်။ သို့သော်တစ်ချက်ခြင်းမှာဖြစ်တဲ့အတွက် ဒီအုပ်ချုပ်ရေးမှူး သည် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်ပုဂ္ဂိုလ်အဖြစ် ကျွန်တော်တို့ အဲလိုသတ်မှတ်တာဖြစ်ပါတယ်။ ရွေးချယ်တင်မြှောက်ခြင်းဆိုတဲ့ စကားလုံးသည်လည်း ကျွန်တော်တို့အနေနဲ့ ဆယ်အိမ်စုခေါင်းဆောင် များက ရွေးချယ်ခြင်းမဟုတ်ဘဲ ရပ်ကွက်ကျေးရွာအတွင်းရှိ မဲပေးပိုင်ခွင့်ရှိသူ အားလုံးမှမဲပေးခြင်းကို ရွေးချယ်တင်မြှောက်ခြင်းကိုဆိုလိုပါတယ်။ ကျွန်တော့်အနေနဲ့ဆက်ပြီးတော့မှ ဦးစိုင်းဆောင်ဆီအား ရပ်သိမ်းသွားတာကိုလည်း ဆက်လက်တင်ပြသွားချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၈၇ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးကို ရပ်ကွက်၊ ရပ်ရွာကကြည်ညို လေးစားပြီးသမာဓိရှိသည့်ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနဲ့ အညီခန့်အပ်တာဝန်ပေး ဆောင်ရွက်စေရမည်ဟုပါရှိပါတယ်။ ရပ်ရွာကကြည်ညိုလေးစားပြီး သိက္ခာ သမာဓိရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဆိုသည်မှာ ထိုရပ်ရွာရှိ ပြည်သူအများစုကသာလျှင် ဒီမိုကရေစီနည်းကျကျ ရွေးချယ်ပေးနိုင်ပါလိမ့်မယ်။ နိုင်ငံတော်ရဲ့အခြေခံမူမှာလည်း စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟူ၍ဖြစ်ပါတယ်။ ထို့အပြင်နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးနှင့် တည်သည်ဟူသောစကားရပ်အရ နိုင်ငံတော်

ရဲ့အခြေခံကျတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးအာဏာသည်ပင်လျှင် နိုင်ငံသားများ ထံမှဆင်းသက်ရန် လိုမည်ဟုထင်ပါသည်။ အထွေထွေပြဋ္ဌာန်းချက်မှာ ပုဒ်မ ၄၄၉ မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် နိုင်ငံတော်အတွင်းရှိဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်။ နိုင်ငံတော်သည် ဥပဒေပြုရာတွင်လည်းကောင်း၊ အုပ်ချုပ်ရာတွင်လည်းကောင်း နိုင်ငံတော်၏ အခြေခံမူများနှင့်အညီ အလေးဂရုပြု ဆောင်ရွက်ရမည်ဟုပါရှိပါတယ်။ နိုင်ငံတော်အခြေခံမူများရဲ့ အခန်းမှာလည်း ပုဒ်မ ၃၈ (က)မှာ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံ ပိုင်ခွင့်ရှိသည်ဟုပါရှိပါတယ်။ အဲဒီတော့ ဆယ်အိမ်စုခေါင်းဆောင်များကိုသာ ရွေးချယ်ပိုင်ခွင့်ပေးခြင်းဖြင့် နိုင်ငံသားတို့ရဲ့ ရွေးကောက်တင်မြှောက်ခွင့်ဆုံးရှုံးသွားမှာဖြစ်ပါတယ်။ ကျွန်တော်သည်ပင်လျှင် ဆယ်အိမ်စုအုပ်ချုပ်ရေးမှူးမဟုတ်တဲ့အတွက် ကျွန်တော်တို့ရပ်ကွက်မှာ ရွေးချယ်ပေးရမယ့် အုပ်ချုပ်ရေးမှူးကို ကျွန်တော်သည်ပင်လျှင်ရွေးချယ်ပိုင်ခွင့်မရှိဘူးဖြစ်ပါတယ်။ အဲဒီတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို ရပ်ကွက် သို့မဟုတ် ကျေးရွာနေ ပြည်သူလူထုများဖြစ်တဲ့ မဲဆန္ဒရှင်အားလုံးနဲ့ကိုယ်တိုင်ဆန္ဒပြု မဲပေးရွေးချယ်စေသင့်တဲ့အတွက် ကျွန်တော်ကဒီအပိုဒ်ကိုလည်း ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ပုဂ္ဂိုလ်ဆိုတဲ့ စာသားနဲ့ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်ရှိပါသလား။

**ဦးစိုင်းအွမ်ဆိုင်မိုင်း(ကျေးသီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကျေးသီးမဲဆန္ဒနယ်က ဦးစိုင်းအွမ်ဆိုင်မိုင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးမှ အလုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်တင်သွင်းတဲ့ ဥပဒေကြမ်းပြင်ဆင်ချက်အဆိုကို ထောက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၈ မူလပြဋ္ဌာန်းချက်ပါ အမည်စာရင်းပါပုဂ္ဂိုလ်ကို စိစစ်ပြီး ဟူသည့်စကားရပ်အစား ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ပုဂ္ဂိုလ်ကိုဟူသည့် စကားဖြင့်အစားထိုးရန် ဖြစ်သည်။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားကိုသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆွေးနွေးနေတာ ကျွန်တော်တို့ အပိုဒ် ၈ ဆွေးနွေးခြင်းဖြစ်ပါတယ်။ အဆိုရှင်များပြင်ဆင်ရန် တင်ပြ

ချက်တွေဟာ ရွေးချယ်တဲ့စနစ်ဖြစ်နေတဲ့အတွက် သဘောမတူကြောင်း၊ ကန့်ကွက်ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရည်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားကိုအတိုက်အခံပြောခြင်းမဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီကျကျ ပြည်သူလူထုရဲ့အခွင့်အရေးကို အဆုံးရှုံးမခံနိုင်တဲ့အတွက် ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ရှေ့ကအပိုဒ် ၇ မှာ မည်သို့ပင် ရှိစေကာမူ ကျွန်တော့်ရဲ့ အပိုဒ် ၈ ကိုဒီအတိုင်းပဲ ကျွန်တော်ပြင်ချင်ပါတယ်။ ဥက္ကဋ္ဌကြီးရယ်၊ လွှတ်တော်ရယ် အဆုံးအဖြတ်ကိုခံယူပါ့မယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ရဲ့ အခွင့်အရေးလည်းမဆုံးရှုံးရအောင်၊ ဒီမိုကရေစီနဲ့လည်းညီညွတ်ရအောင် မဲခွဲဆုံးဖြတ်ပါမယ်။ မဲခွဲဆုံးဖြတ်တဲ့အခါမှာလည်း ကျွန်တော်တစ်ခါက ကြေညာခဲ့ပါတယ်။ ဗြောင်မဲဆန္ဒစနစ်နဲ့ ဘာကြောင့်လုပ်ရတယ်။ ပြောပြီးပါပြီ။ တင်ပြပြီးပါပြီ။ တကယ်လို့ ဗြောင်မဟုတ်ဘဲနဲ့ ဒီစက်ခလုတ်ကိုအသုံးပြုလုပ်မယ်ဆိုရင် လျှပ်စစ်မီးကြောင့်သော်လည်းကောင်း၊ နောက်စက်ရဲ့အခြားကိစ္စများကြောင့်သော်လည်းကောင်း အခြားဝင်ရောက်ပြီးတော့ Intrefere လုပ်နိုင်တဲ့အချက်များရှိတဲ့အတွက် ဗြောင်မဲပေးစနစ်ကိုပဲ ကျင့်သုံးမယ်လို့ပြောခဲ့ပါတယ်။ အဲဒီအခါမှာလည်း လွှတ်တော်ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ ပေးသင့်တဲ့ကတိကဝတ်လည်းပေးထားပါတယ်။ ဒီလိုမိမိရဲ့ဆန္ဒကို ပွင့်ပွင့်လင်းလင်းတင်ပြခြင်းအားဖြင့် မည်သူတစ်ယောက်ကမှ မိမိကို အနှောင့်အယှက်မဖြစ်ရအောင် ဒီထက်ပိုစကားပြောမယ်ဆိုလို့ရှိရင် ဒုက္ခပြုမှာမဟုတ်အောင် မိမိတို့ဆောင်ရွက်နိုင်ပါတယ်လို့ ဒီလိုတင်ပြခဲ့တာရှိပါတယ်။ နောက်တစ်ခုကလည်းကျွန်တော်တို့ ဒီလွှတ်တော်ထဲ ရောက်လာတဲ့ကိုယ်စားလှယ်တွေဟာ ပြည်သူ့ကိုယ်စားရောက်ရှိလာတဲ့ သူများဖြစ်တဲ့အတွက် ပြည်သူရဲ့အကျိုးစီးပွားကို အဓိကထားဆောင်ရွက်မှာဖြစ်လို့ ကျွန်တော်တို့သုံးခဲ့တဲ့စကားအတိုင်း ပြောမယ်ဆိုရင် ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ မဟုတ်ဘဲနဲ့ တကယ့်အများပြည်သူအကျိုးစီးပွားအတွက် ဖြစ်တယ်လို့ယုံကြည်ရင်တော့ ရဲရဲရင့်ရင့်ကိုပဲ ကျွန်တော်တို့မဲပေးဖို့၊ ဆန္ဒပြုဖို့လိုပါတယ်။ အဲဒီမှာမှ ပါတီကြောင့်၊ ပုဂ္ဂိုလ်ကြောင့်၊ ဒေသကြောင့်၊ အဲနောက်တစ်ခါ ကိုးကွယ်တဲ့အယူဝါဒကြောင့် ဖြစ်တယ်ဆိုလို့ရှိရင်တော့ မိမိတို့ရဲ့အခွင့်အရေးတွေ ဆုံးရှုံးမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမဆုံးရက်မှာပဲ ရှေ့ဆောင်ရွက်သွားမယ့် ကိစ္စတွေမှာ ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိပဲ ဆောင်ရွက်သွားဖို့ ဒီလိုတိုက်တွန်းခဲ့ပါတယ်။ လုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ မိမိတို့ဘက်က ရဲဝံ့

သတ္တိရှိဖို့လည်းလိုပါတယ်။ သတ္တိဆိုတာက တစ်ဦးတစ်ယောက်ရဲ့ စကားကိုပြောမယ်ဆိုလို့ရှိရင်တော့ သတ္တိဆိုတာ မိုက်မဲခြင်းနဲ့မယှဥ်တဲ့ လုပ်ဆောင်မှုပဲဖြစ်ပါတယ်။ အခုလိုမိမိတို့ရဲ့ဆန္ဒကို ပြောင်ကျကျ မဲပေးတဲ့နေရာမှာလည်း မိမိရဲ့သတ္တိ၊ မိမိရဲ့ ရဲဝံ့မှုကလည်း ဒါလိုပါတယ်။ ဒါကြောင့်မို့လို့ တချို့တင်ပြတာရှိ ပါတယ်။ ဒီဟာကိုကြိုက်တဲ့လူလည်းရှိပါတယ်။ မကြိုက်တဲ့လူလည်းရှိပါတယ်။ အကြောင်းကြောင်း ကြောင့် ကျွန်တော့်ဘက်ကတော့ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ အခုလိုရွေးချယ်တဲ့လမ်းဟာ အမှန်ဆုံးပဲလို့ ယူဆတဲ့အတွက် ပြောင်မဲပေးတဲ့စနစ်ကိုပဲ ကျင့်သုံးပါမယ်။ ဒါကြောင့်မို့လို့ ဦးခင်မောင်ရည် (ခ) ဦးခိုင်မောင်ရည် တင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ထောက်ခံတဲ့လူ မတ်တတ်ရပ်ပေးပါ။ မဲခွဲ ဆုံးဖြတ်မှုရလဒ်ကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၃၈ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၃၄၄ မဲ၊ ကြားနေမဲ နှစ်မဲ ဖြစ်ပါတယ်။ ကန့်ကွက်သူများတဲ့အတွက် ဦးခင်မောင်ရည်ရဲ့ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အပိုဒ် ၈သည် မူလပြဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အဓိကအစိတ်အပိုင်း ဖြစ်ကြောင်းအတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်မှာတင်သွင်းတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးမှုပြုကြပါတယ်။ ပြုပြီးတဲ့အခါမှာ တချို့အဆိုတွေဟာလည်း မှတ်တမ်းတင်ပြီးတော့ တချို့အဆိုကျတော့လည်း ဆက်လက်ဆောင်ရွက်ရမှာဖြစ်သလို အခုကျွန်တော်တို့ ဥပဒေကြမ်းကို အတည်ပြုတဲ့အခါမှာလည်း အဆိုတွေကို မှတ်တမ်းတင်သလို ထောက်ခံမှု၊ ကန့်ကွက်မှု၊ ကြားနေမှုများကိုလည်း မှတ်တမ်းတင်ထားရှိ ပါတယ်။ ဒီဟာတွေလည်း လွှတ်တော်ရဲ့သမိုင်းမှတ်တိုင်ဖြစ်သလို နိုင်ငံရဲ့သမိုင်းမှတ်တိုင်တွေလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနကစကားကို ပြန်ပြောမယ်ဆိုလို့ရှိရင် ဒီထဲကိုရောက်ရှိလာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အဓိကပြည်သူ့အတွက်၊ နိုင်ငံတော်အတွက်ပဲဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ မိမိတို့ရဲ့ယုံကြည်တဲ့အတိုင်း၊ ပြည်သူ့ကိုယ်စား ယုံကြည်တဲ့အတိုင်းရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိဆောင်ရွက် နိုင်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် မည်သူတစ်ဦးတစ်ယောက်မျှလည်း မိမိကိုဒုက္ခပေးနိုင်မှာ မဟုတ်ကြောင်းလည်း ထပ်လောင်းအသိပေး တင်ပြခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီး ဥပဒေကြမ်းရဲ့ အပိုဒ် ၉၊ မူလပြဌာန်းချက်မှာပါတဲ့ ပြည်ထောင်စုလွှတ်တော်ဟူသော စကားရပ်အစား၊ ပြည်သူ့လွှတ်တော် ဟူသောစကားဖြင့် အစားထိုးသင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။ ဆက်လက်ပြီး အပိုဒ် ၉ အတွက်ပြင်ဆင်ချက်အဆိုတင်ရန် ဦးအောင်ထွန်းသာ၊ မြောက်ဦးမဲဆန္ဒနယ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ထွန်းသာ (မြောက်ဦးမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဘေးဘရာကင်းဝေးကြပါစေ၊ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၅ ဦးအစုအဖွဲ့ပါကိုယ်စား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကြမ်း၏ အခန်း (၄)၊ အပိုဒ် ၉ ကို ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ အခန်း (၄)၊ အပိုဒ် ၉ တွင် အုပ်ချုပ်ရေးမှူး၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့်အညီဖြစ်သည်။ ယင်း၏သက်တမ်းသည် သုံးကြိမ်ထက်မပိုရဟုဖော်ပြပါရှိပါတယ်။ သို့သော်လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ သက်တမ်းကို နှစ်ကြိမ်ထက်ပို၍ တာဝန်မပေးသင့်ဟု ထင်မြင်ယူဆပါတယ်။ ဘာကြောင့်လည်းဆိုရင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးတည်း၏ လက်ထဲ၌ လုပ်ပိုင်ခွင့်များရှိသည့်အတွက် နှစ်လရှည်ကြာ လုပ်ပိုင်ခွင့်ရလာလျှင် ငါဗဟိုပြု စိတ်ဓာတ်ဝင်လာပြီး အာဏာရှင်ဆန်သောစိတ်ဖြစ်ပေါ်ကာ အများဆန္ဒကိုအလေးထားဂရုမပြုဘဲ ဖြစ်လာတတ်ပါတယ်။ ကာလတို ငါးနှစ်သက်တမ်းသာ ထားမည်ဆိုပါကလည်း လုပ်ငန်းကျွမ်းကျင်မှု ရှိအောင်လေ့လာရသည့် အချိန်အတိုင်းအတာတစ်ခု လိုအပ်မည်ဖြစ်ပါတယ်။ ထိုပထမငါးနှစ်ကာလတွင် အကောင်းဆုံးဆောင်ရွက်ခဲ့သူတစ်ဦးအနေဖြင့် လူထုအတွက် အားကိုးအားထားပြုရသူတစ်ဦးဖြစ်ခြင်းကြောင့် ထိုသူမှာ ပြည်သူလူထု၏အကျိုးကို ဆက်လက်သယ်ပိုးနိုင်ရန် လိုအပ်မည်ဖြစ်ပါသဖြင့် ဒုတိယ ငါးနှစ် သက်တမ်းကိုရွေးချယ်ခံသင့်ပါတယ်။ ဒီကြားကာလထဲတွင် အကြောင်းကိစ္စတစ်ခုခုကြောင့် သက်တမ်းမစေ့ဘဲ တာဝန်မှနုတ်ထွက်သွားရခြင်း၊ တာဝန်မှရပ်စဲခံရခြင်းများရှိလာနိုင်သဖြင့် ငါးနှစ် သက်တမ်းသည်လည်း တိုတောင်းလွန်းလှသည်ဟုယူဆမိပါတယ်။ ဒါ့ကြောင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသက်တမ်းကို နှစ်ကြိမ်ထက်မပိုစေရဟု သတ်မှတ်ပေးသင့်ပါသဖြင့် လွှတ်တော်ကိုယ်စားလှယ် ၃၅ ဦးပါအဖွဲ့အစည်းကိုယ်စား ဥပဒေကြမ်းပြင်ဆင်ချက်အဆိုအဖြစ် တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါသလား။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ကျွန်တော် ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ယခု ဦးအောင်ထွန်းသာရဲ့ ရပ်ကျေးအုပ်စု

အုပ်ချုပ်ရေးမှူးကို နှစ်ကြိမ်ပဲခွင့်ပြုသင့်တယ်ဆိုတဲ့ အဆိုကို ကျွန်တော်ထောက်ခံပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၉၊ မူလပြဋ္ဌာန်းချက်ပါ ပြည်ထောင်စုလွှတ်တော်အစား ပြည်သူ့လွှတ်တော်ဟူသော စကားရပ်ဖြင့်လည်းကောင်း၊ သုံးကြိမ်ဟူသောစကားရပ်အစား နှစ်ကြိမ်ဟူ၍လည်းကောင်း ပြင်ဆင်အစားထိုးရန်ဖြစ်သည်။ ဆက်လက်ပြီး အပိုဒ် ၉ အတွက် ဦးသောင်းဟန်က ပြင်ဆင်ချက်တင်ပြရန်ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့အပိုဒ် ၉ကို ပြင်ဆင်ချက်တင်သွင်းထားပါတယ်။ သို့သော်လည်းပဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ပြင်ဆင်ထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ယင်း၏ သက်တမ်းသည် သုံးကြိမ်ထက်မပိုစေရဆိုတဲ့ ပြင်ဆင်ချက်ကို ကျွန်တော့်အနေနဲ့ လက်ခံတဲ့အတွက် ကျွန်တော်တင်သွင်းထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏သက်တမ်းသည် အနည်းဆုံး သုံးနှစ်ဖြစ်သည်။ ၎င်းဟာ အများဆန္ဒအရ ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရပါက ဆက်လက်တာဝန်ထမ်းဆောင်နိုင်သည်ဆိုတဲ့အဆိုကို ပြန်လည်ရုပ်သိမ်းပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အပိုဒ် ၉ အတွက်ပြင်ဆင်ချက်တင်ပြရန် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်အား ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးဇော်ဝင်းနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့တင်ပြချက်က ပြင်ဆင်ချက်ဆိုတာထက် ဖြည့်စွက်ချက်ဆိုလို့ရှိရင် ပိုပြီးတော့မှန်ကန်ပါမှာဖြစ်ပါတယ်။ ကျွန်တော်ရဲ့တင်ပြချက်မှာ အပိုင်းနှစ်ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ စာပိုဒ်ခွဲ ၉(က)မှာတင်ပြချက်ဖြစ်ပါတယ်။ စာပိုဒ်ခွဲ ၉(က)ရဲ့တင်ပြချက်ဟာဆိုလို့ရှိရင်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်းပဲ Indentity တူညီတဲ့အတွက်ကြောင့် ဆက်လက်ပြီးတော့ ဒါကိုအတူတူပဲဖြစ်ကြောင်းပဲ တင်ပြအပ်ပါတယ်။အဲဒီတော့ ကျွန်တော် အဓိကကတော့ စာပိုဒ်ခွဲ (ခ)ဒုတိယအပိုဒ်ကို ကျွန်တော်ဖြည့်စွက် တင်ပြထားခြင်းဖြစ်ပါတယ်။ အဲဒီအချက်ကို တင်ပြတာနဲ့ ပတ်သက်ပြီးတဲ့အခါမှာ ကျိုးကြောင်းဖော်ပြီးတော့ တင်ပြရမယ်ဆိုရင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏သက်တမ်းဟာ ပြည်သူ့လွှတ်တော်သက်တမ်းနဲ့အညီဖြစ်တယ်လို့ စာပိုဒ်ခွဲ (က)မှာ ဖော်ပြပါရှိထားတာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေပုဒ်မ ၄ အရလည်း ပြည်သူ့လွှတ်တော်ရဲ့

သက်တမ်းသည် ပထမအကြိမ်ပြည်သူ့လွှတ်တော်ကျင်းပတဲ့နေ့ရက်မှ စတင်သည်ဖြစ်ရာ အဲဒီနေ့မှာပဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်မည်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၂၃ ရဲ့ဖော်ပြချက်မှာဆိုလို့ရှိရင် အထွေထွေရွေးကောက်ပွဲ ကျင်းပတဲ့နေ့ကစတင်ပြီးတော့ ရက် ၉၀ အတွင်းမှာ ပြည်သူ့လွှတ်တော်အစည်းအဝေးကို ခေါ်ယူရမည်ဟု ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒါကြောင့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ခြင်းအတွက် ယခုတင်ပြပါ အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပတဲ့ရက်ကနေစပြီးတော့က ပထမအကြိမ်ပြည်သူ့လွှတ်တော် အစည်းအဝေးမခေါ်ယူခင် ရက် ၉၀ အတွင်းမှာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲလိုဆောင်ရွက်တဲ့ နေရာမှာ ကျွန်တော့်တင်ပြချက်ကတော့ ရွေးချယ်ခန့်အပ်ခြင်းကို အထွေထွေရွေးကောက်ပွဲကျင်းပသည့် နေ့ရက်မှ ၃၀ မြောက်ရက်နေ့တွင် စတင်ရွေးချယ်ရမည်။ ရွေးချယ်မှုဟာ အထွေထွေရွေးကောက်ပွဲ ကျင်းပသည့် နေ့ရက်မှ ၄၅ ရက်အတွင်းအပြီးဆောင်ရွက်ရမည်လို့တင်ပြထားခြင်းဖြစ်ပါတယ်။ အဲဒီလိုတင်ပြထားရခြင်း အကြောင်းမှာတော့ ကျွန်တော်တို့ အထွေထွေရွေးကောက်ပွဲကျင်းပတဲ့အခါမှာ အထွေထွေရွေးကောက်ပွဲရလဒ်များကို ကြေညာပြီးတဲ့အထိ အားလုံးနိုင်ငံနဲ့အဝန်းမှာ ကြေညာပြီးအထိ အနည်းဆုံးသာမန်အားဖြင့် ရက် ၃၀ ခန့် အချိန်ယူရမှာဖြစ်ပါတယ်။ အဲဒီနောက်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးကို ရွေးချယ်မယ်ဆိုတဲ့အနေအထားဖြစ်ပါတယ်။ အဲဒီလို ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးကို ရွေးချယ်တဲ့နေရာမှာလည်း ဆယ်အိမ်စုများစတင်ဖွဲ့စည်းတဲ့နေရာကစလို့ရှိရင် ယခုဥပဒေကြမ်းဟာ မူလဥပဒေကြမ်းမှာပါရှိတဲ့အတိုင်း ဆယ်အိမ်စုများစတင်ဖွဲ့စည်းတဲ့ အဆင့်ကနေပြီးတော့၊ ခရိုင်အုပ်ချုပ်ရေးမှူးကနေပြီးတော့ အတည်ပြုတဲ့အဆင့်ထိကို ဒါကာလအနည်းငယ် လုပ်ငန်း Procedure အရ ကာလအနည်းငယ်ရှိမှာအတွက်ကြောင့် သင့်တော်တဲ့ရက် ၁၅ ရက်တွက်ချက် ပြီးတဲ့အခါကျလို့ရှိရင် တင်ပြထားခြင်းဖြစ်ပါတယ်။နောက်တစ်ခုကလည်း ဒီ ၄၅ ရက်အတွင်းမှာ ပြီးပြတ်သွားပြီးဆိုတာနဲ့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၂၃ အရ ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးကို ရက် ၉၀ မတိုင်မီမှာလည်း စောပြီးတော့ခေါ်ယူလို့ရတဲ့အတွက်ကြောင့် ၄၅ ရက်ပြည့်တဲ့နောက်မှာ ပြည်သူ့လွှတ်တော်အစည်းအဝေးကို ခေါ်ယူလိုပါကလည်း ရှေ့တိုးခေါ်ယူလို့ ရတဲ့အခြေအနေဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော်လက်ရှိတင်ပြချက်အတိုင်း တင်ပြထားခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အထက်ပါအပိုဒ် ၉ အတွက်ပြင်ဆင်ချက် ၄ မျိုးနဲ့ ပတ်သက်ပြီးပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီးပြည်ထဲရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေရာမှ အပိုင်းသုံးပိုင်း ကျွန်တော်ဖြေကြားသွားပါမယ်။ အပိုဒ် ၉ နဲ့ပတ်သက်ပြီးတော့ မူလပြဋ္ဌာန်းချက်ဟာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနဲ့အညီဖြစ်သည်။ ယင်း၏သက်တမ်းသည် သုံးကြိမ်ထက်မပိုစေရလို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအချက်ဖြစ်တဲ့သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနဲ့အညီဖြစ်တဲ့ဆိုတဲ့နေရာမှာ ပြင်ဆင်ရန်တင်ပြချက်တွေဖြစ်တာကတော့ ပြည်သူ့လွှတ်တော်သက်တမ်းနဲ့ညီရမယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒီအချက်နဲ့ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြည့်လိုက်တဲ့အခါမှာလည်း ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းဆိုတာမပါပါဘူးခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့သက်တမ်းဖော်ပြထားပါတယ်။ အမျိုးသားလွှတ်တော်ရဲ့သက်တမ်း ဖော်ပြထားတာဖြစ်တဲ့အတွက် ဒီသက်တမ်းဆိုတဲ့နေရာမှာ ပြည်ထောင်စုလွှတ်တော်ရဲ့ သက်တမ်းအစား ပြည်သူ့လွှတ်တော်ရဲ့ သက်တမ်း သို့မဟုတ် အမျိုးသား လွှတ်တော်ရဲ့သက်တမ်းကြိုက်နှစ်သက်ရာ သက်တမ်းတစ်ခုဟာ ပြောင်းလဲခြင်းနဲ့ ပတ်သက်ပြီးတော့ ကန့်ကွက်ရန် မရှိကြောင်းတင်ပြလိုပါတယ်။

ဒုတိယအချက်ကတော့ ယင်းသက်တမ်း၏ သုံးကြိမ်ထက် မပိုစေရဆိုတဲ့ ကိစ္စဖြစ်ပါတယ်။ ဒီအချက်နဲ့ ပတ်သက်လို့တော့ ကျွန်တော်တို့က ဒီရပ်ကွက်နဲ့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေရဲ့ အလွဲအပြောင်းတွေကို မကြာခဏမပြုလုပ်လိုတဲ့ သဘောလည်းပါပါတယ်။ ဒီလိုမကြာခဏပြုလုပ် ခြင်း အားဖြင့်လည်း လုပ်ငန်းတွေ နှောင့်နှေး ကြန့်ကြာ မှုတွေရှိနိုင်တာလည်းပါပါတယ်။ အဆိုရှင်များတင်ပြသလို အချက်များကိုလည်း သဘောပေါက်ပါတယ်။ သို့သော်လည်း သက်ဆိုင်ရာဒေသရဲ့ အများပြည်သူရဲ့ ဆန္ဒကိုလည်းလေးစားတဲ့အနေနဲ့ ကျွန်တော်တို့ သုံးကြိမ်ခွင့်ပြုထားခြင်းဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ဟာ ဒီဒေသကကြိုက်နှစ်သက်နေတယ်။ အမှန်တကယ်လည်းကောင်း နေလျက်သားနဲ့ ဒီဥပဒေအရ နှစ်ကြိမ်အရွေးခံနိုင်ခွင့် ရှိတယ်ဆိုလို့ရှိရင် အများရဲ့ဆန္ဒကို မလိုက်လျောမှာဖြစ်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီလိုသုံးကြိမ်လို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီသုံးကြိမ် ထက်အပေါ်မှာ နှစ်ကြိမ်လို့ တင်ပြချက် အပေါ်မှာတော့ သဘောမတူကြောင်း တင်ပြလိုပါတယ်။

တတိယအချက်ကတော့ တပ်မတော်သားကိုယ်စားလှယ်တင်ပြတဲ့ အချက်ဖြစ်ပါတယ်။ ဒါကတော့ Time Frame သတ်မှတ်ပေးထားတဲ့ ကိစ္စဖြစ်ပါတယ်။ တကယ့်လက်တွေ့မှာတော့ အထွေထွေရွေးကောက်ပွဲတွင် ကျင်းပနေတဲ့အချိန်၊ ကျင်းပပြီးတဲ့ အချိန်တွေမှာ တကယ်တမ်း ကျွန်တော်တို့နိုင်ငံတော်မှာအင်မတန်မှ အလုပ်များပြားနေမယ့်အချိန်ဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေကို ထပ်ခါတလဲလဲ

ပြုလုပ်နေခြင်းအားဖြင့် အုပ်ချုပ်ရေးကိစ္စ၊ လုံခြုံရေးကိစ္စတွေဟာလည်း အင်မတန်များပြားနေတဲ့ ကိစ္စဖြစ်တဲ့အတွက် ဥပဒေမှာ ယခုကဲ့သို့ ဖော်ပြလိုက်မယ်ဆိုလို့ရှိရင် မဖြစ်မနေလုပ်ဆောင်ရမယ့်အချက်ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ တကယ့်လက်တွေ့လုပ်တဲ့အခါမှာ အခက်အခဲပေါင်းမြောက်များ ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ဟာတော့ နည်းဥပဒေမှာ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများမှာထည့်သွင်းလို့ရတဲ့အချက်လည်းဖြစ်ပါတယ်။ အချိန်ကာလကို သတ်မှတ်တဲ့အခါမှာ ဒီအထွေထွေရွေးကောက်ပွဲသော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်သော်လည်းကောင်း ကျင်းပတဲ့ကာလရဲ့ရှေ့ သို့မဟုတ် နောက်သင့်တော်တဲ့အချိန်ကိုထည့်သွင်းပြီးတော့မှ ထုတ်ပြန်မယ်ဆိုလို့ရှိရင် ပိုမိုသင့်တော်တဲ့အချက်ဖြစ်တဲ့အတွက် ဥပဒေအနေနဲ့ပြဋ္ဌာန်းလိုက်မယ်ဆိုရင်တော့ မဖြစ်မနေလုပ်ဆောင်ရမယ့်အချက်ဖြစ်နေတာဖြစ်တဲ့အတွက် ဒီအချက်ကိုလည်းသဘောမတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ထွန်းသာ သဘောထားပြောကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွန်းသာ (မင်းပြားမဲဆန္ဒနယ်)**။ ။ကျွန်တော့်အနေနဲ့ကျွန်တော်တို့အစုအဖွဲ့ခေါင်းစဉ်အောက်က အဖွဲ့ကလည်းနှစ်ကြိမ်ထက် ပိုပြီးတော့ရက်ရှည်မခန့်သင့်ပါဘူးလို့ ဆုံးဖြတ်ထားပါတယ်။ ဝန်ကြီးကလည်း နှစ်ကြိမ်ကိုလက်မခံဘူးလို့ပြောပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒါကိုပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်အတိုင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးအောင်ထွန်းသာတင်သွင်းတဲ့အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးကြပါ။ ဦးအောင်ထွန်းသာကိုထောက်ခံတာ ၃၃၊ ကြားနေမဲပုဂ္ဂိုလ်များ ကျေးဇူးပြု၍မတ်တတ်ရပ်ပေးပါ။ ကြားနေနှစ်ယောက်၊ အားလုံးပေါင်း ၃၅ယောက်။ ရှိတာ ၃၈၅ ယောက်။ ဒါကြောင့်ဦးအောင်ထွန်းသာရဲ့ အဆိုအတည်မဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဗိုလ်မှူးဇော်ဝင်းနိုင် သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးဇော်ဝင်းနိုင် (တပ်မတော်သားကိုယ်စားလှယ်)**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ ရှင်းလင်းပြောကြားချက်များကို ကျွန်တော်လက်ခံပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အဆိုအား ဆက်လက်ပြီးတော့တင်သွင်းဖို့၊ ဆောင်ရွက်ဖို့ရန် မလိုတော့တဲ့အတွက်ကြောင့် ကျွန်တော်ရဲ့အဆိုကိုပြန်လည် ရုပ်သိမ်းကြောင်း တင်ပြအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၉ သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်းကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အပိုဒ် ၁၀ မှ ၁၃၊ အပိုဒ်ခွဲ (စ) အထိပြင်ဆင်ချက်မရှိပါ။ ဒါ့ကြောင့် အဆိုမှာ အပိုဒ် ၁၃၊ အပိုဒ်ခွဲ (ဆ) သည်ဥပဒေကြမ်း၏အစိတ် အပိုင်းဖြစ်သင့်သည်။ ပြင်ဆင်ချက်အဆို တင်သွင်းရန် ဦးသိန်းညွန့် အားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဟိုနေ့က ကျွန်တော် မူကိစ္စတင်စဉ်ကပင် ဧည့်စာရင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီနေ့ထပ်ပြီးတော့ လိုရင်းဖော်ပြရရင် ကျွန်တော်တို့တိုင်းပြည်ဟာ ဆင်းရဲသားအများစုဖြစ်ပါတယ်။ သူဌေးများကအနည်းစုဖြစ်ပါတယ်။ တကယ် ဆင်းရဲတဲ့သူအဖို့ဟာဧည့်စာရင်းကို ကျွန်တော်ဟိုနေ့ကတင်ပြတဲ့အတိုင်း ၂၀၀ ကနေ ၅၀၀၊ ၁၀၀၀ အထိပေးနေရတာဟာ လူထုထဲကတကယ့်လက်တွေ့ဘဝပြဿနာပါ။ အဲဒါ့အပြင် ဒီဧည့်စာရင်းကို အကြောင်းပြုပြီးတော့ အာဏာအလွဲသုံးစားပြုပြီး ကိုယ်ကျင့်တရားပျက်မှုတွေ ဘယ်လောက်ပေါ်ပေါက် နေတယ်ဆိုတာ လူထုကြားထဲဆင်းကြည့်ရင် လက်တွေ့သိနိုင်ပါမယ်။ ပြီးတော့ ကျွန်တော်တို့နိုင်ငံတော်က ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးလုပ်နေတဲ့အချိန်မှာ ဧည့်စာရင်းကြောင့် ၂၀၀၊ ၅၀၀ သက်သာရင်ဆင်းရဲမွဲ တေမှုတိုက်ဖျက်ရေးကိုအထောက်အကူ ပြုတာဖြစ်တဲ့အတွက် ဧည့်စာရင်းအခကြေးငွေမယူဘဲလက်ခံ ခွင့်ပြုဖို့ ဧည့်စာရင်းစစ်တဲ့အခါမှာလည်း နည်းဥပဒေ၊ အမိန့်ဆိုးကျင့်ထုံးဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက် နဲ့အညီစစ်ဖို့၊ ဧည့်စာရင်းတိုင်ရန် ပျက်ကွက်ရင်လည်း နည်းဥပဒေပြဋ္ဌာန်းနဲ့အညီအတတ်နိုင်ဆုံး လူထုကို သက်သာတဲ့ထောင့်နဲ့ဆောင်ရွက်ပေးဖို့ ဒီအခြေခံများနဲ့ ကျွန်တော်ဒီပြင်ဆင်ချက်အဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်ရှိပါသလား။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းဖြစ်ပါတယ်ရှင်။ ဦးသိန်းညွန့်ရဲ့အဆိုကို ကျွန်မက လေးလေး နက်နက်ထောက်ခံအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။။ အဆိုမှာ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဆ)ကို မူလပြဋ္ဌာန်းချက်အစား အခြားရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုမှ ညအိပ်၊ ညနေ လာရောက် တည်းခိုသော ဧည့်သည်များ အတွက် ဧည့်စာရင်း တိုင်ကြား ခြင်းကို အခကြေးငွေမယူဘဲ လက်ခံ၍ခွင့်ပြုခြင်း၊ နည်းဥပဒေပြဋ္ဌာန်း ချက်များနှင့်အညီ ဧည့်စာရင်း စစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန်ပျက်ကွက်လျှင် နည်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အရေးယူရန် ဟူသော စကားရပ်ထည့်သွင်းရန်ဖြစ်သည်။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားကိုသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအချက်နဲ့ပတ်သက်ပြီးတော့ ဖြေရှင်းတင်ပြရမယ်ဆိုလို့ရှိရင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကြမ်းမှာ ချီးမြှင့်ထောက်ပံ့ငွေအား အခန်း (၁၄) မှာဖော်ပြထားပါတယ်။ ထို့အတူပဲ ရုံးအသုံးစရိတ်များနဲ့ပတ်သက်ပြီးတော့လည်း အခန်း (၁၅) မှာ ထည့်သွင်းဖော်ပြထားပါတယ်။ ဧည့်စာရင်းစစ်ဆေးခြင်းနဲ့ တိုင်ကြားခြင်းပျက်ကွက်လို့ရှိရင်လည်း ဥပဒေကြမ်းအခန်း (၉) မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူတွေရဲ့တာဝန်နဲ့ ဝတ္တရားအဖြစ် ပုဒ်မ ၁၇ မှာလည်းဖော်ပြ ထားပြီးဖြစ်ပါတယ်။ ပုဒ်မ ၁၇ ကိုတာဝန်ပျက်ကွက်သူကိုလည်း ပုဒ်မ ၂၅ မှာ ဒဏ်ကြေးငွေ ပေးဆောင် ခြင်းဖြင့် စီမံခန့်ခွဲရေးနည်းအရ အရေးယူရန်ဖော်ပြထားပါတယ်။ ပုဒ်မ ၃၈ (ဂ)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းမှာ အခြားကောက်ခံရရှိတဲ့ အခွန်အခကို လည်းပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၄၅ (က)မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနကလည်း လိုအပ်တဲ့နည်း ဥပဒေ ၊ စည်းမျဉ်း စည်းကမ်းတွေကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ထုတ်ပြန်နိုင်တယ်လို့လည်း ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်မှာဖော်ပြထားတာရှိပါတယ်။ ယခု ကျွန်တော်တို့ရွေးချယ်တင်မြှောက်လိုက်မယ့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဟာ ဒီမိုကရေစီနည်းလမ်းတကျ အများဆန္ဒနဲ့အညီ ရွေးချယ်တင်မြှောက်ခံရမယ့် အုပ်ချုပ်ရေးမှူးဖြစ်ပါတယ်။ ဒီအုပ်ချုပ်ရေးမှူးအပေါ်မှာ ယုံကြည်မှုရှိသင့်ပါတယ်။ အဆိုရှင်များတင်ပြသလို ပုဂ္ဂိုလ်မျိုးကိုတော့ ရွေးချယ်ပေးမှာ မဟုတ်ကြောင်းယုံကြည်ပါတယ်။ ဒါ့ကြောင့်လည်း ဒီအုပ်ချုပ်သူကိုလိုအပ်တဲ့ လုပ်ကိုင်ခွင့်တွေလည်း ပေးသင့်တယ်လို့ယူဆပါတယ်။ ဒီအုပ်ချုပ်ရေးမှူးအနေနဲ့လည်း သူ့ရဲ့လုပ်ပိုင်ခွင့်တွေကို မှန်မှန်ကန်ကန်၊ မျှမျှတတ၊ လုပ်ဆောင်သွားမှာလည်းဖြစ်ပါတယ်။ အခု ဥပဒေဟာအုပ်ချုပ်ရေးဥပဒေဖြစ်ပါတယ်။ အုပ်ချုပ်ရေးရှုထောင့်မှလည်းကြည့်ရှုပေးသင့်ပါတယ်။ ကျွန်တော်တို့ဥပဒေတစ်ခုကိုရေးဆွဲတဲ့နေရာမှာ ဥပဒေမှာရှေ့နောက် အားလုံးညီညွတ်မျှတအောင် ရေးဆွဲထားတာဖြစ်ပါတယ်။ ကျွန်တော် ဒီရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွေရဲ့ အသုံးစရိတ်တွေ၊ ထောက်ပံ့ငွေတွေကိုလည်း အများကြီးစဉ်းစားပေးထားတာဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ သူတို့လက်ရှိမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွေကို နိုင်ငံတော်ကထောက်ပံ့တာ၊ စရိတ် ၊ လစာစသည့်ဖြင့် ပေးထားတာမရှိတဲ့အတွက် ခုနကအဆိုရှင်များတင်ပြသလို ကိစ္စရပ်တွေပေါ်ပေါက်နေခြင်းဖြစ်ပါတယ်။ ဒီလိုကိစ္စရပ်တွေ မပေါ်ပေါက်အောင်အတွက် ဥပဒေနဲ့အညီ လိုအပ်တဲ့လုပ်ပိုင်ခွင့်များပေးမယ်ဆိုလို့ရှိရင် ဒီလိုပြဿနာများမပေါ်ပေါက်နိုင်ဘူးဖြစ်ပါလိမ့်မယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့တင်ပြချက်ဟာ မလိုအပ်တဲ့အတွက် သဘောမတူပါကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဒီဧည့်စာရင်းကိစ္စဟာ တကယ့်ဆင်းရဲသားလူထုမှာ အင်မတန်မှ အရေးကြီးတဲ့ကိစ္စဖြစ်တဲ့အတွက် ဒီအခကြေးငွေမယူဘဲဆိုတဲ့ အပိုဒ်ကိုထည့်ပေးခြင်းဟာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေအပေါ်မှာ မယုံကြည်တာမဟုတ်ပါဘူး။ ထိန်းကျောင်းမှုမရှိရင် နောင်လာမယ့်အကျိုးဆက်တွေ တွေ့ရပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော့်ဒီအဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုရယူပေးပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာပန်ကြားအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ အဆိုထဲမှာ ဧည့်စာရင်းတိုင်ကြားခြင်းကို အခကြေးငွေမယူဘဲ လက်ခံခွင့်ပြုခြင်း ဒါအပိုဒ်တစ်ပိုဒ်ဖြစ်ပါတယ်။ နောက်အပိုဒ်တွေမှာ နည်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဧည့်စာရင်းစစ်ဆေးခြင်း ဒါဟာလည်း ဧည့်စာရင်းစစ်ဆေးခြင်းနဲ့ဆိုင်ပါတယ်။ ဧည့်စာရင်းတိုင်ကြားရန် ပျက်ကွက်လျှင် နည်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီအရေးယူခြင်း၊ ဒါက အရေးယူမှုအပိုင်းနဲ့ဆိုင်ပါတယ်။ ပြောမယ်ဆိုရင်တော့ အပိုင်းသုံးပိုင်းတွေ့ပါတယ်။ ဦးသိန်းညွန့် အဓိကတင်ပြတာကတော့ အခု ကျွန်တော်ကြားနာမိသလောက်က အခကြေးငွေမယူဘဲ လက်ခံခွင့်ပြုခြင်းဆိုတဲ့ဟာ အဓိကဖြစ်တယ်လို့ယူဆပါတယ်။ ကျန်တဲ့နည်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဧည့်စာရင်းစစ်ဆေးခြင်းဆိုတာကတော့ သက်ဆိုင်ရာဝန်ကြီးဌာနကနည်းဥပဒေများထုတ်ပြန်ပြီးမှ လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ အဲဒီတိုင်းပဲ ဧည့်စာရင်းတိုင်ရန် ပျက်ကွက်ခြင်းသည်လည်း နည်းဥပဒေများထုတ်ပြန်ပြီးမှ လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခကြေးငွေမယူဘဲလက်ခံခွင့်ပြုခြင်းကို ထည့်သွင်းပေးဖို့ ဦးသိန်းညွန့်က အဆိုပြုတယ်လို့ပဲယူဆပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့်ရဲ့ အဆိုကိုထောက်ခံတဲ့ကိုယ်စားလှယ်များ မတ်တပ်ရပ်ပေးကြပါ။ ဒီကိစ္စတွေက နောက်ပိုင်းမှာ နေ့တစ်ဓူဝကိစ္စတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် မို့လို့ လေးလေးနက်နက်ထားပြီးတော့ဆုံးဖြတ်ကြပါ။ ဆုံးဖြတ်ရဲကြပါ။ ထောက်ခံ ၅၄ ၊ ကြားနေမတ်တတ်ရပ်ပေးပါ။ လေးယောက်။ ရှိရင်းက ၃၈၄၊ ၅၈ အနှုတ် ၃၂၆ မှန်လား။ ဦးသိန်းညွန့်ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ထောက်ခံ ၅၄ ၊ ကြားနေ ၄၊ ကန့်ကွက် ၃၂၆ ဖြစ်ပါတယ်။ ကန့်ကွက်သူများတဲ့အတွက် ဦးသိန်းညွန့်ရဲ့ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့်အပိုဒ် ၁၃ ၊ အပိုဒ်ခွဲ(ဆ)သည် မူလပြဋ္ဌာန်းချက်အတိုင်း၊ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါနဲ့ပတ်သက်လို့ နည်းဥပဒေပြဋ္ဌာန်းခြင်းအပိုင်းမှာ ခုနကတင်ပြသွားတဲ့အပိုင်း သုံးပိုင်းလုံးပါဝင်ဖို့သင့်ပါတယ်။ ဒါ့ကြောင့် ပြဋ္ဌာန်းလိုက်မယ့် နည်းဥပဒေများဟာလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ ဒီနည်းဥပဒေများကို လွှတ်တော်သို့ပြန်လည်တင်ပြရမှာဖြစ်ပါတယ်။ အဲ့ဒီအခါမှာ ပြည်သူများလိုလားတဲ့ တချို့ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များလိုလားတဲ့အချက် တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ဥပဒေနဲ့ညီညွတ်မှုမရှိတဲ့အချက်များကိုလည်း လွှတ်တော်များကပြန်လည်သုံးသပ် စဉ်းစားနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၃ ၊ အပိုဒ်(ဇ) မှ(ည) အထိ ပြင်ဆင်ချက်မရှိပါ။ ဒါ့ကြောင့် အဆိုမှာ အပိုဒ် ၁၃ ၊ အပိုဒ်ခွဲ(ဋ)သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သင့်သည်။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်အား အဆိုတင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ အခန်း(၇)၊ ပုဒ်မ ၁၃ ၊ ပုဒ်မခွဲ(ဋ)ကို ပြင်ဆင်ရန်အဆိုပြုတင်သွင်းထားပါ တယ်။ မူလအဆိုကတော့ အများပြည်သူဆိုင်ရာနေရာတွင် လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူ ရန်အကြောင်းကြားခြင်းတို့ဖြစ်ပြီးတော့ ကျွန်တော့်အနေနဲ့ တင်သွင်းထားတဲ့အဆိုကတော့ (ဋ)ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနယ်နိမိတ်အတွင်း မည်သည့်နေရာတွင်မဆို လောင်းကစားခြင်းကိုဖမ်းဆီးခြင်း၊ အရေးယူရန်အကြောင်းကြားခြင်းအဆိုကို တင်သွင်းထားခြင်းဖြစ်ပါတယ်။ ကျွန်တော့်အဆိုဟာ မူလအဆို မှာ အများပြည်သူဆိုင်ရာနေရာတွင်လို့ ဖမ်းဆီးပိုင်ခွင့်ကို ကန့်သတ်ထားတဲ့အတွက် လုပ်ပိုင်ခွင့်ရှိတဲ့ အုပ်ချုပ်ရေးမှူးသည်၊ ကျေးရွာအုပ်ချုပ်ရေးမှူးသည် သူ့နယ်မြေ၊ သူ့နယ်နိမိတ်အတွင်းမှာ၊ အများပြည်သူ ဆိုင်တဲ့နေရာမှာ လောင်းကစားခြင်း ပြုလျှင်သာလျှင်၊ ပြုလုပ်လျှင်သာလျှင် ဖမ်းဆီးပိုင်ခွင့်ရှိတယ်လို့ အဓိပ္ပါယ်ထွက်ရှိနေပါတယ်။ ကျွန်တော်တင်သွင်းထားတာကတော့ ကျေးရွာအုပ်စု၊ ရပ်ကွက်နယ်နိမိတ် အတွင်းမှာ သူ့ရဲ့အုပ်ချုပ်မှုနယ်နိမိတ်အတွင်းမှာ မည်သည့်နေရာတွင်ပဲ လောင်းကစားမှုဆောင်ရွက် သည်ဖြစ်စေ အုပ်ချုပ်ရေးမှူးက၊ ကျေးရွာအုပ်ချုပ်ရေးမှူးကဖမ်းဆီးနိုင်တယ်။ အရေးယူရန်အကြောင်း ကြားနိုင်တယ်လို့အဓိပ္ပါယ်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကျေးရွာများမှာလည်းပဲ ဒီရပ်ကွက် အတွင်းမှာပဲလည်းကောင်း၊ အများပြည်သူနှင့် မသက်ဆိုင်တဲ့နေရာတွေမှာလည်းကောင်း၊ လောင်းကစား နေရာတွေကလည်းတွေ့ရှိနေရပါတယ်။ ဒီလို ရပ်ကွက်ရဲ့နယ်နိမိတ်အတွင်းမှာ အများပြည်သူနဲ့မသက် ဆိုင်တဲ့နေရာတွေမှာ လောင်းကစားခြင်းဆောင်ရွက်လို့ရှိရင် ကျေးရွာအုပ်ချုပ်ရေးမှူးသည် မည်သည့် နေရာတွင် လောင်းကစားခြင်းဆောင်ရွက်သည်ဖြစ်စေ ဖမ်းဆီးနိုင်ခြင်း၊ အရေးယူရန်အကြောင်းကြား

နိုင်ခြင်းအခွင့်အာဏာရရှိသင့်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥပဒေစကားရပ်အရလည်း ကျစ်လစ်သိပ်သည်းပြီးတော့ တိကျတဲ့စကားရပ်များနဲ့ ဖော်ပြပြဋ္ဌာန်းမှသာ ဥပဒေပြဋ္ဌာန်းချက်သည် အကြားအလပ်မရှိ ထောက်ပြရန်မရှိဘဲ ဥပဒေရဲ့ဆိုလိုရင်းကလည်း၊ ရည်ရွယ်ချက်ကလည်း အပီအပြင် ပေါ်လွင်မှာဖြစ်တဲ့အတွက် အများပြည်သူဆိုင်ရာ နေရာတွင်လို့ဆိုတဲ့အစား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနယ်နိမိတ်အတွင်း မည်သည့်နေရာတွင်ဆိုတဲ့စကားရပ်ကို အစားထိုးပြီးတော့ပြန်လည် ပြင်ဆင်အဆို ပြုခြင်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါသလား။

**ဦးကျန်ထွန်း(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်း ဖြစ်ပါတယ်။ ယင်းမာပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန် ပြင်ဆင်ရန်တင်ပြချက်ဖြစ်တဲ့ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဍ)ကို ကျွန်တော်က ထောက်ခံကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဍ)မူလပြဋ္ဌာန်းချက်ပါအစား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနယ်နိမိတ်အတွင်း မည်သည့်နေရာတွင်မဆို လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူ ရန်အကြောင်းကြားခြင်းဟူသော စာပိုဒ်အစားထိုးရန်ဖြစ်သည်။ ဤအပိုဒ်ခွဲကို ဦးမောင်ဦး၊ ဖောင်းပြင် မဲဆန္ဒနယ်က ပြင်ဆင်ချက်တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လောင်းကစားမှုပြုလုပ်ခြင်းဟာ ဘယ်လောက်အတိုင်းအတာအထိဆိုးကျိုး များကို ဖြစ်ပွားစေတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ လောင်းကစားမှုကင်းစင်ပါက ဆင်းရဲနွမ်းပါး မှု၊ အကျင့်စာရိတ္တပျက်ပြားမှု၊ ရာဇဝတ်မှုကိုကျူးလွန်မှုမှစတဲ့ဆိုးကျိုးတရားများ လျော့ပါးလာစေမှာဖြစ်ပါ တယ်။ နိုင်ငံတော်ကလည်း လောင်းကစားမှုပပျောက်ရေးကို အလေးထားဆောင်ရွက်နေပါတယ်။ ဒါ့ကြောင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း မည်သည့်နေရာတွင်မဆို လောင်းကစားမှုပြုလုပ်သည်ကို တွေ့ရှိပါက ဖမ်းဆီးအရေးယူနိုင်ရန် အများပြည်သူဆိုင်ရာနေရာတွင်ဟူသော စာပိုဒ်ကိုပယ်ဖျက်ပေးသင့် ပါကြောင်း အကြံပြုတင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုမှာ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဠ)ပါ မူလပြဋ္ဌာန်းချက်အစား လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူရန် အကြောင်းကြားခြင်းဟူသော စာသားအတိုင်း ပြင်ဆင်ရန်ဖြစ်သည်။ ဗိုလ်မှူးလေးနိုင်တင်သွင်းရန်ဖြစ်ပါတယ်။

**ဗိုလ်မှူးလေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကြမ်းအပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဠ)မှာ အများပြည်သူဆိုင်ရာနေရာတွင် လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူရန် အကြောင်းကြားခြင်းကိုသက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ အရေးယူရန်အကြောင်းကြားခြင်းကို ပြင်ဆင်တင်ပြလိုပါတယ်။ ထိုသို့ တင်ပြရခြင်းကတော့ ဒီ အပိုဒ် ၁၃ပါ ခေါင်းစဉ်ဟာ ကျွန်တော်တို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များဖြစ်တဲ့အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးဟာ ဒီလောင်းကစားခြင်းကို ဖမ်းဆီးတဲ့နေရာမှာ နေရာသတ်မှတ်ပေးဖို့ လိုအပ်တယ်လို့ ကျွန်တော်ယူဆတဲ့အတွက် သူရဲ့ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းမှာဆောင်ရွက် နိုင်ရန်အတွက် ကျွန်တော်ထည့်သွင်းတင်ပြခြင်းဖြစ်ကြောင်း လေးစားစွာဖြင့်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုမှာ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဠ)ပါ မူလပြဋ္ဌာန်းချက်အစား သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း ဟူသောစာသားဖြင့် အစားထိုးပြင်ဆင်ရန်ဖြစ်သည်။ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဠ) အတွက် ပြင်ဆင်ချက်သုံးမျိုး နဲ့ပတ်သက်ပြီး ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဥပဒေများ နှင့်ပတ်သက်ပြီးတော့ ရှင်းလင်းပြောကြားလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအဆိုပြုပြင်ဆင်ချက်များကို ပြည်ထောင်စုဝန်ကြီးက အားလုံးသဘောမတူတာ ဖြစ်နေတယ်ဆိုပြီးတော့ ထင်မှာစိုးလို့ဖြစ်ပါတယ်။ အဲတော့ ကျွန်တော်တို့ ပထမပြောကြားလိုတာကတော့ ဒီလောင်းကစားမှုနဲ့ပတ်သက်ပြီးတော့ ကျွန်တော် တို့ရေးဆွဲထားတဲ့ဥပဒေပုဒ်မမှာ အပိုဒ် ၁၃၊ (ဠ)ရယ်၊ (ဋ)ရယ် နှစ်ခုပါပါတယ်ခင်ဗျား။ ဒီအသုံးအနှုန်းတွေ ကလည်း ဥပဒေစကားရပ်၊ ဥပဒေ ဝေါဟာရများပဲဖြစ်ပါတယ်ခင်ဗျား။ ဒါ့ကြောင့် (ဠ)ကော၊(ဋ)ပဲနဲ့ကော

ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းပြောကြားလိုပါတယ်။ ပထမအချက်ကတော့ အများပြည်သူဆိုင်ရာဆိုတဲ့ ဝေါဟာရဖြစ်ပါတယ်။ ဒါဟာ ဥပဒေစကားရပ်ဖြစ်ပါတယ်ခင်ဗျား။ ဒါ ၁၉၈၆ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၆ လောင်းကစားဥပဒေအခန်း (၂)၊ ပုဒ်မ ၃(က)မှာ ဒီအများပြည်သူဆိုင်ရာဆိုတဲ့ ဝေါဟာရအဓိပ္ပါယ်ကို ဖွင့်ဆိုထားပါတယ်။ ဒီအများပြည်သူဆိုင်ရာနေရာဟူသောစကားရပ်သည် မိမိရပ်ကွက်၊ကျေးရွာအုပ်စုနယ်နိမိတ်အတွင်း အများပြည်သူသွားလာလုပ်ကိုင်နေသော မည်သည့်နေရာကိုမဆို ဆိုလိုရင်းဖြစ်သည်လို့ပါတဲ့အတွက် ခုနကအချက်တွေဟာ ဒါအကျုံးဝင်သွားမယ်လို့ ကျွန်တော် ထင်မြင်မိပါတယ်ခင်ဗျား။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ (၄)က အများပြည်သူဆိုင်ရာနေရာတွေမှာ ဖမ်းဆီးတာ၊ အရေးယူတာ၊ အကြောင်းကြားတာတွေလုပ်သလို ကျွန်တော်တို့(၅)မှာ လောင်းကစား အိမ်ကိုဝင်ရောက်ရှာဖွေခြင်း သို့မဟုတ် ရှာဖွေရန်ဝရမ်းထုတ်ခြင်းဆိုတဲ့အကြောင်းလေး အနည်းငယ်ပြောကြားလိုပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟာ လက်ရှိတည်ဆဲမြန်မာနိုင်ငံလောင်းကစားဥပဒေအရ လောင်းကစားမှုတစ်ခုဟာအများပြည်သူနေရာမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ်လုပ်နေလို့ရှိရင် ဝရမ်းမပါဘဲနဲ့ ဝင်ရောက်ဖမ်းဆီးခွင့် သူ့မှာရှိပါတယ်။ သို့တည်းမဟုတ် အိမ်ထဲကိုပြည်သူ့ရဲတပ်ဖွဲ့ ဝင်ရောက်ဖမ်းဆီးနိုင်ဖို့အတွက်လည်း ဝရမ်းထုတ်ပေးပိုင်ခွင့် သူ့မှာရှိပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီပုဒ်မနှစ်ခုစလုံးနဲ့ယှဉ်ပြီးတော့မှ ဥပဒေ စကားရပ်များနှင့်အညီ ဒီရေးဆွဲထားခြင်း ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ အခုရွေးချယ်ခန့်အပ်ထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟာလည်း ၎င်းတာဝန်ကျတဲ့နေရာမှာပဲ ဒါအကျုံးဝင်တာဖြစ်တဲ့အတွက် သီးခြားကျွန်တော်တို့နေရာများကို ဖော်ပြခြင်း၊ နယ်နိမိတ်အတွင်း သက်ဆိုင်ရာစသည့် အသုံးနှုန်းများကိုမဖော်ပြဘဲနဲ့ ကျွန်တော်တို့ဥပဒေကို ကျစ်ကျစ်လစ်လစ်ရေးဆွဲထားရခြင်းပဲဖြစ်ပါတယ်။ အဆိုရှင်များ ပြင်ဆင်ရန်တင်ပြတဲ့အချက်တွေနဲ့ လက်ရှိမူလပြဋ္ဌာန်းချက်တွေဟာ အဓိပ္ပါယ်ခြင်းသိပ်ပြီးတော့ မကွဲလွဲတဲ့အတွက်တင်ပြတဲ့အဆိုတွေကို သဘောမတူကြောင်းတင်ပြပါတယ်။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးသောင်းဟန်၊ ဦးမောင်ဦး၊ ဗိုလ်မှူးလေးနိုင်တို့ရဲ့ သဘောထားကိုသိလိုပါတယ်။ အစဉ်လိုက်ဖြေပါ။ ဦးသောင်းဟန်၊ ဦးမောင်ဦး၊ ဗိုလ်မှူးလေးနိုင်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ပြည်ထောင်စုဝန်ကြီးရှင်းလင်းသွားတဲ့အချက်ဟာ ကျွန်တော်တို့ အများပြည်သူ

ဝင်ထွက်သွားလာနိုင်တဲ့နေရာလို့ပြောတော့ ဒီနယ်နိမိတ်အတွင်းမှာ အများပြည်သူဝင်ထွက်သွားလာနိုင်တဲ့နေရာသည် အများပြည်သူဝင်ထွက်သွားလာခွင့်ရှိတဲ့နေရာများတွေမှာ အကျုံးဝင်ပတ်သက်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ကျေးရွာတွေမှာကတော့ ကျွန်တော်တို့ ကျေးရွာအတွင်းတွင်မကဘဲနဲ့ ကျေးရွာရဲ့ခပ်လှမ်းလှမ်းမှာ ကုက္ကိုပင်ကြီးအောက်သွားပြီးတော့ကြက်တိုက်တာ၊ လယ်ထဲမှာချိန်းပြီးတော့ ဖဲရိုက်တာစသည်ဖြင့် လောင်းကစားမျိုးစုံကို ကျေးရွာအတွင်းလွတ်ကင်းအောင် ကျေးရွာနယ်နိမိတ်အတွင်းမှာ အခြားလုံခြုံမှုရှိနိုင်တယ်လို့ ယူဆတဲ့နေရာတွေမှာ အမျိုးမျိုးဆောင်ရွက်နေကြတာတွေ တွေ့ရှိနေရပါတယ်။ ဒါကြောင့်မို့လို့ ဘယ်နေရာမှာပဲ ဆောင်ရွက်ဆောင်ရွက် ကျွန်တော်တို့ ကျေးရွာအုပ်ချုပ်ရေးမှူးဟာ ဖမ်းဆီးခြင်း၊ ခုနကပြောတဲ့ အရေးယူရန်အကြောင်းကြားခြင်း၊ ဆောင်ရွက်နိုင်ခွင့်ရှိသင့်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့အဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဆုံးအဖြတ်ကိုပဲရယူလိုပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးမောင်ဦး။

**ဦးမောင်ဦး(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကျေးရွာမှာရှိတဲ့လုပ်သားပြည်သူအများစုဟာ ဥပဒေရေးရာနဲ့ပတ်သက်ပြီးတော့ ဥပဒေဝေါဟာရများကို သေသေချာချာနားလည်သဘောပေါက်မှုမရှိပါဘူး။ ဒါကြောင့်မို့လို့ အများပြည်သူရော၊ ကျေးရွာမှာ အုပ်ချုပ်ရေးမှူးလုပ်မယ့်ပုဂ္ဂိုလ်ပါ နားလည်စေနိုင်အောင် ရှင်းလင်းလွယ်ကူတဲ့ အသုံးအနှုန်းမျိုးကိုသာ အသုံးပြုသင့်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်ရဲ့တင်ပြချက်နဲ့ပတ်သက်ပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဗိုလ်မှူးလေးနိုင်။

**ဗိုလ်မှူးလေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ပြည်ထောင်စုဝန်ကြီးဟာ အများပြည်သူဆိုင်ရာနေရာတွင်ဆိုတဲ့အသုံးအနှုန်းကို သေချာရှင်းလင်းပြသွားတဲ့အတွက် ဝန်ကြီးရဲ့သဘောထားကိုလက်ခံပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါကြောင့် နှစ်ဦးကျန်ပါတယ်။ ဦးမောင်ဦးနဲ့ ဦးသောင်းဟန်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ကျွန်တော်ဗိုလ်မှူးလေးနိုင် ပြင်ဆင်ချက်တင်သွင်းထားတဲ့အဆို ရုပ်သိမ်းတာကို ကန့်ကွက်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဗိုလ်မှူးလေးနိုင်ရဲ့အဆိုဟာ ဒီပြဋ္ဌာန်းချက်မှာ အသင့်တော်ဆုံးအဆိုလို့ ကျွန်တော်ယူဆပါတယ်။ ဒါပါပဲခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုတင်သွင်းတဲ့သူက ပြန်ရုပ်သိမ်းတယ်။ ရုပ်သိမ်းတာကို ပြန်ကန့်ကွက်တယ်။ ဒီမိုကရေစီတော်တော်ကျလာပြီ။ ကဲဟုတ်ပြီ။ အဲဒီတော့ ကျွန်တော်တို့ ဒီနေ့လုပ်ဆောင်ရန်အချိန် များရှိတဲ့အတွက် ဒီအဆုံးအဖြတ်ကို ပြီးတော့မှ ကျွန်တော်တို့ပေးပါ့မယ်။ အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါ့မယ်။ ဒီအတွင်းမှာပဲ နေ့လယ်စာတစ်ခါတည်း သုံးဆောင်စေဖို့ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို နေ့လယ် ၁၂ နာရီ ၄၅ မိနစ်တွင်ပြန်လည်စတင်ပါ့မယ်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်ခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့သို့ ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ၁၈ရက်နေ့ကနေ ၂၄ ရက်နေ့အထိကျင်းပပြုလုပ်မယ့် ၃၂ ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များ အထွေထွေညီလာခံသို့တက်ရောက်မှာဖြစ်ပါတယ်။ ဒီတက်ရောက်တဲ့ ကိုယ်စားလှယ်အဖွဲ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များလည်းပါဝင်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့လိုက်ပါသွားမယ့် ကိုယ်စားလှယ်များအတွက် သက်ဆိုင်ရာမှာခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးတို့ရဲ့ကိုယ်စား ခွင့်ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိကျင်းပမည့် ၃၂ ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များ အထွေထွေညီလာခံသို့ တက်ရောက်မည်ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြမည့်အောက်ပါပုဂ္ဂိုလ်များအား ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့၊ နေ့လယ်ပိုင်းမှ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့အထိ နေ့ရက်များ အားခွင့်ရက်များအဖြစ် သတ်မှတ်ခွင့်ပြုပါရန် ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါသည် -

(၁) ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်

(၂) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း

(၃) ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ

(၄) လေရှီးမဲဆန္ဒနယ်မှ ဦးရှီသီး

(၅) မြိတ်မဲဆန္ဒနယ်မှ ဝဏ္ဏကျော်ထင်ဦးငွေးမြင့်

(၆) ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်း

(၇) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ တို့ရဲ့ကိုယ်စား ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးမနက်ကအဆိုပြုတင်ပြထားတဲ့ ဦးသောင်းဟန်၊ ဦးမောင်ဦး၊ ဗိုလ်မှူးလေးနိုင်တို့နဲ့ သက်ဆိုင်တဲ့အဆိုများကို မဲခွဲဆုံးဖြတ်ပါတယ်။ ဗိုလ်မှူးလေးနိုင်တင်ပြတဲ့အဆိုကို သက်ဆိုင်ရာကာယကံရှင်က ပြန်လည်ရုပ်သိမ်းသော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကနေပြီးတော့ ရုပ်သိမ်းခြင်းကိုဥပဒေနဲ့အညီကန့်ကွက်တဲ့အတွက် ဒီအဆိုဟာအတည်ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ မဲခွဲဆုံးဖြတ်ပါမယ်။ အခုဦးသောင်းဟန်ရဲ့ မဲခွဲဆုံးဖြတ်မယ်ဆိုတာ ဒီသုံးဦးနဲ့ ပတ်သက်ပြီးတော့မဲခွဲဆုံးဖြတ်မှာ။ အဲတော့ကျွန်တော်တို့အချိန်တိုတိုအတွင်းမှာ မြန်မြန်ပြီးသွားနိုင် အောင်ဦးသောင်းဟန်၊ ဦးမောင်ဦး၊ ဦးလေးနိုင်သူတို့နဲ့ပတ်သက်ပြီးတော့ တစ်ယောက်ချင်းအပေါ် ထောက်ခံမှုယူပါမယ်။ သူတို့အဆိုပြုထားတဲ့ ပြင်ဆင်ချက်တွေဟာလည်း ကိုယ်စားလှယ်များထံမှာ ရှိနေပြီဖြစ်တဲ့အတွက် ကျွန်တော်ကဦးသောင်းဟန်ရဲ့အဆိုကိုထောက်ခံမယ့်လူများ မတ်တတ်ရပ်ပေးပါ

ဆိုလို့ရှိရင် ဦးသောင်းဟန် အဆိုကိုနှစ်သက်လက်ခံတဲ့လူများ မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ အဲဒီ အရေအတွက် ကိုမှတ်တမ်းတစ်ခါတင်ပါမယ်။ နောက်တစ်ခါ ဦးမောင်ဦးရဲ့အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါဆိုလို့ရှိရင် ရပ်တဲ့ပုဂ္ဂိုလ်များရဲ့အရေအတွက်ကို မှတ်တမ်းတင်ပါမယ်။ တစ်ခါ ဦးလေးနိုင်ရဲ့ အဆိုကိုထောက်ခံတဲ့သူများ မတ်တတ်ရပ်ပေးပါဆိုရင်ရရှိတဲ့လူကို မှတ်တမ်းတင်ပါမယ်။ သူတို့သုံးဦးပေါ်မှာမူတည်ပြီးတော့ထောက်ခံတဲ့အရေအတွက် အများဆုံးရတဲ့ပုဂ္ဂိုလ်က အနိုင်ရရှိမှာဖြစ်ပါတယ်။ အဲဒါပြီးတဲ့အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားလှယ်ရဲ့ ဆွေးနွေးပြီးတဲ့ အခါမှာ ပြည်ထောင်စုအစိုးရကိုယ်စားလှယ်နဲ့ ခုနကအနိုင်ရရှိထားတဲ့ ပုဂ္ဂိုလ်နဲ့ပြန်ပြီးတော့မဲခွဲဆုံးဖြတ်ပါမယ်။ ဒါကြောင့်မို့လို့ ဦးသောင်းဟန်၊ ဦးမောင်ဦး၊ ဗိုလ်မှူးလေးနိုင်တို့ရဲ့ အဆိုနဲ့ပတ်သက်ပြီး ပထမဦးစွာဦးသောင်းဟန်ရဲ့အဆိုဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနယ်နိမိတ်အတွင်း မည်သည့်နေရာတွင်မဆို လောင်းကစားခြင်းကိုဖမ်းဆီးခြင်း၊ အရေးယူရန်အကြောင်းကြားခြင်းကိုထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးကြပါ။ ဦးမောင်ဦးရဲ့အဆိုကို ထောက်ခံတဲ့ ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ ဗိုလ်မှူးလေးနိုင်အဆိုကိုထောက်ခံတဲ့ ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ ကိုယ်စားလှယ်များရဲ့အဆိုပြုချက် သုံးဦးရှိပါတယ်။ သုံးဦးမဲခွဲတဲ့အခါမှာ ဦးသောင်းဟန်က ၂၃၈မဲ၊ ဦးမောင်ဦးက ၇ မဲ၊ ဗိုလ်မှူးလေးနိုင်က ၁၂၂ မဲနဲ့ ဒီသုံးဦးမှာ ဦးသောင်းဟန်က အနိုင်ရရှိကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကလည်းသူတို့ရဲ့အဆိုပြုမှုများကို လက်မခံနိုင်ကြောင်းပြောတဲ့တွက် ဦးသောင်းဟန်ရဲ့အဆိုနဲ့ ပြည်ထောင်စုအစိုးရကိုယ်စားလှယ်ရဲ့ အဆိုကိုမဲခွဲပါမယ်။ ဒါ့ကြောင့် ဦးသောင်းဟန်ရဲ့အဆိုကို ထောက်ခံတဲ့ကိုယ်စားလှယ်များကျေးဇူးပြုပြီး မတ်တတ်ရပ်ပေးကြပါ။ ဒီနေရာမှာ ခုနကနှစ်ယောက်အတွက် စဉ်းစားစရာမလိုတော့ပါဘူး။ ကဲခုနက နှစ်ယောက်ကပွဲပြီးသွားပြီ။ ဒီနေရာမှာ အများမြင်တဲ့အတိုင်းပဲ ဦးသောင်းဟန်ရဲ့အဆိုဟာ အနိုင်ရရှိကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အားလုံးထိုင်နိုင်ပါပြီ။ ဒါ့ကြောင့် အပိုဒ် ၁၃ အပိုဒ်ခွဲ (ဠ)သည်ဦးသောင်းဟန်၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်များခင်ဗျား ။ အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)မှ(ဒ)အထိ ပြင်ဆင်ချက် မရှိပါ။ အပိုဒ် ၁၃ အပိုဒ်ခွဲ (န)ပါ မူလပြဋ္ဌာန်းချက်စာပိုဒ်အဆုံးအကြောင်းကြားခြင်း၏ရှေ့တွင်အရေးယူ

ရန်ဟူသောစကားရပ် ဖြည့်စွက်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြထားပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၁၃ (န)အနေနှင့် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါတယ်ခင်ဗျား။ ဒီနေရာမှာသက်ဆိုင်ရာသို့အကြောင်းကြားခြင်းအစားအရေးယူရန် အကြောင်းကြားခြင်းဟု ဥပဒေကြမ်းကော်မတီက ပြင်ဆင်တင်ပြထားခြင်းဖြစ်ပါတယ်။ ဒီလိုအကြောင်းကြားတဲ့နေရာမှာ အရေးယူရန်အပိုင်းနှင့်အသိပေးရန်အပိုင်းဆိုတဲ့ နှစ်ပိုင်းပါတဲ့တွက်ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ အချို့ကိစ္စတွေကအကြောင်းကြားရုံနှင့်ပင် ပြုပြင်ဆောင်ရွက်လို့ရတဲ့ ကိစ္စရပ်တွေရှိပါတယ်။ အရေးယူရန်မလိုဘဲ ပညာပေးတာတွေ လုပ်လို့လည်းရပါတယ်။ တာဝန်နဲ့လုပ်ပိုင်ခွင့်တွေမတူတဲ့အတွက်ဖြစ်ပါတယ်။ ယခုကဲ့သို့ တင်ပြခြင်းဟာရှင်းလင်းဖြေကြားခြင်းသာဖြစ်ပါတယ်ခင်ဗျား။ ကန့်ကွက်ခြင်းမဟုတ်ကြောင်း တင်ပြပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုမှာ အပိုဒ် ၁၃ ၊အပိုဒ်ခွဲ (န) သည် ပြင်ဆင်ထားသည့်အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုမှာ အပိုဒ် ၁၃ ၊အပိုဒ်ခွဲ (ပ) သည် မူလပြဋ္ဌာန်းထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

**ဥက္ကဋ္ဌ။** ။ ဦးမောင်ဦးအားပြင်ဆင်ချက်အဆို တင်သွင်းရန် ဖိတ် ခေါ် ပါတယ်။

**ဦးမောင်ဦး(ဖောင်းပြင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ပြင်ဆင်ရန် အဆိုပြုထားတဲ့အပိုဒ်နှင့်ပါတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်ပြင်ဆင်ရန်အဆိုပြုထားတဲ့ မူလအပိုဒ် ၁၃ ၊အပိုဒ်ခွဲ (ပ)နှင့် ယှဉ်တွဲဖော်ပြထားတဲ့ ကျွန်တော့်ရဲ့ပြင်ဆင်ရန် တင်ပြချက်ဟာ မူလပြဋ္ဌာန်းချက်ကိုပယ်ဖျက်ပြီး အစားထိုးပြင်ဆင် ပြဋ္ဌာန်းနိုင်ရန် တင်ပြထားခြင်းမဟုတ်ဘဲ အကြံပြုထားချက်သာဖြစ်ကြောင်း ရှေးဦးစွာတင်ပြအပ်ပါတယ်။ ကျွန်တော်ဟာ ဥပဒေပိုင်းဆိုင်ရာကျွမ်းကျင်မှုမရှိ

သည့်အတွက် ဥပဒေပိုင်းဆိုင်ရာရေးထုံးရေးနည်းများနှင့်ညီညွတ်အောင် မရေးသားတတ်တာကြောင့် သက်ဆိုင်ရာပြဌာန်းချက်နှင့်ပတ်သက်ပြီး ထည့်သွင်းစဉ်းစားပြင်ဆင်သင့်တယ်လို့ ယူဆမိတဲ့အချက်ကို အကျဉ်းချုပ်ပြီးတင်ပြ ထားခြင်းသာဖြစ်ပါတယ်။

ကျွန်တော့်ရဲ့အကြံပြုချက်နဲ့ပတ်သက်ပြီး အနည်းငယ်ရှင်းလင်းတင်ပြပါရစေခင်ဗျား။ မြေယာကျူးကျော်မှုဆိုင်ရာအငြင်းပွားမှုဟာ တစ်ဦးချင်း၊ တစ်ယောက်ချင်းဖြစ်တတ်သလို အစုလိုက်အဖွဲ့လိုက်၊ ကျေးရွာအလိုက်၊ ကျေးရွာအုပ်စုအလိုက်ဖြစ်ပွားခြင်းများလည်းရှိခဲ့ပါတယ်။ တစ်ဦးတစ်ယောက်ချင်း ဖြစ်ပွားသည့် မြေယာပြဿနာကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ အမိန့်အာဏာနဲ့ တားဆီးလို့ရနိုင်မယ် ဖြစ်သော်လည်းအစုအဖွဲ့ဖြင့် ကျေးရွာချင်း၊ ကျေးရွာအုပ်စုချင်းဖြစ်ပွားတဲ့ပြဿနာကိုတော့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ အာဏာသက်ရောက်ရန် လွန်စွာခက်ခဲမယ်လို့ယူဆပါတယ်။ ကျေးရွာများမှာ သူ့ရွာ၊ ကိုယ့်ရွာ၊ သူ့အုပ်စု၊ ကိုယ့်အုပ်စုစတဲ့အစွဲကလေးများ မကင်းကြသေးသလို ပြိုင်ဆိုင်မှုများလည်း ရှိနေကြဆဲဖြစ်ပါတယ်။ တခြားကျေးရွာက အုပ်ချုပ်ရေးမှူးတစ်ဦးက တားဆီးမိန့်ပေးတာကို တားဆီးခံရသူက ကျေကျေနပ်နပ်နဲ့နာခံဖို့ခက်ခဲပါတယ်။ ကျေးရွာအုပ်စုချင်း ကျူးကျော်အငြင်းပွားမှုဖြစ်ပွားခဲ့လျှင် သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဟာလည်း ကိုယ့်ရွာ၊ ကိုယ့်အုပ်စုဘက်က လိုက်ရမှာဓမ္မတာပဲ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ မြို့နယ်ကချက်ချင်း ဖြေရှင်းမပေးနိုင်ရင် ပြဿနာကြီးကျယ်ပြီးအပ်နဲ့ ထွင်းရမှာကို ပုဆိန်နဲ့ပေါက်ရတာပါပဲ။ အထူးသဖြင့် မြေနုကျွန်းပြဿနာမှာ ပိုမိုပြီးအဖြစ်များတတ်ပါ တယ်။ ပါလီမန်အစိုးရလက်ထက်က ရုံလွတ်ကျွန်းပြဿနာထိန်းမနိုင်၊ သိမ်းမရဖြစ်လို့ နိုင်ငံကျော်ဖြစ်ခဲ့ ရကြောင်း ကြားခဲ့ရဖူးပါတယ်။ အခုထိလည်း မြေနုကျွန်းအငြင်းပွားမှုမှာ ဒုတ်ဆွဲ၊ ဓားဆွဲနဲ့ မြို့၊ ရွာ၊ ခရိုင် တွေက မကြာခဏဖြေရှင်းပေးနေရကြောင်း မြစ်နား၊ ကမ်းနားမှာနေကြတဲ့သူများ အားလုံးကြားသိမိလိမ့် မယ်လို့ ယုံကြည်ပါတယ်။ ဒါ့ကြောင့် အခု အစုအဖွဲ့လိုက်၊ ကျေးရွာ၊ ကျေးရွာအုပ်စုအလိုက်ဖြစ်ပေါ်နိုင် စရာရှိတဲ့အခြေအနေ အလားအလာရှိတဲ့ ကျူးကျော်အငြင်းပွားမှုများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး များမှတားဆီးခြင်းမပြုဘဲ မြို့နယ်မှအမြန်ဆုံး ဖြေရှင်းပေးနိုင်အောင် အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ တင်ပြစေသင့်ကြောင်း မူလပြဌာန်း ချက်မှာ ထည့်သွင်းစဉ်းစားနိုင်ပါရန် အကြံပြုတင်ပြရခြင်းဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ကျွန်တော်တို့ကတော့ ဒီမှာ ပြင်ဆင်ရန်တင်ပြချက် ဒီလိုပဲ မှတ်တမ်းတင်နေရတဲ့အတွက် အဆိုလို့ပဲ သတ်မှတ်ထားပါတယ်။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။

**ဦးတင်ထွန်း(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး၊ ဖောင်းပြင်ကတင်ပြသွားတဲ့ ကျေးရွာအချင်းချင်း၊ ကျေးရွာအုပ်စုအချင်းချင်း အငြင်းပွားနိုင်တဲ့ မြေယာကျူးကျော်မှုများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ မြို့နယ်သို့ ဆောလျင်စွာတင်ပြရန်ပြဋ္ဌာန်းချက်၊ ပြင်ဆင်ရန် တင်ပြချက်အဆိုကို ကျွန်တော်ရွှေကျင်မဲဆန္ဒနယ်က ကိုယ်စားလှယ် ဦးတင်ထွန်း မှ ထောက်ခံအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ပ) မူလပြဋ္ဌာန်းချက်နေရာတွင် ကျေးရွာ အချင်းချင်း၊ ကျေးရွာအုပ်စုအချင်းချင်း အငြင်းပွားနိုင်သည့် မြေယာကျူးကျော်မှုများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ မြို့နယ်သို့ ဆောလျင်စွာတင်ပြရန်ဟု အစားထိုးရန်ဖြစ်သည်။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပြဋ္ဌာန်းချက်နဲ့ပတ်သက်ပြီးတော့ နိုင်ငံပိုင်မြေ၊ မြို့မြေ၊ ကျေးရွာမြေ၊ လယ်ယာမြေ၊ မြေနုကျွန်း၊ လမ်းမြေ၊ သစ်တောမြေ၊ ကျေးရွာပိုင်ထင်းစိုက်ခင်းမြေ၊ စားကျက်မြေ၊ ကျေးရွာဘုံမြေ၊ သုသာန်မြေများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ခြင်း၊ အိမ်စုအသစ်များဆောက်ခြင်း၊ ရပ်ကွက်ကျေးရွာအသစ်ဖွဲ့စည်းခြင်း၊ နေအိမ်အဆောက်အအုံအသစ်၊ နေအိမ်အဆောက်အအုံဆောက်လုပ်ခြင်းတို့ကို တားမြစ်ခြင်း မလိုက်နာက အရေးယူရန် အကြောင်းကြားခြင်းတို့ဖော်ပြပါရှိပြီးဖြစ်ပါတယ်ခင်ဗျား။ ပြင်ဆင်ရန်တင်ပြချက်မှာလည်း အလားတူ အဓိပ္ပါယ်သက်ရောက်ပါတယ်။ ဒီနေရာမှာတော့ မြို့နယ်ကို ဆောလျင်စွာ တင်ပြရမယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ အဲတော့ ဒီလိုအရေးအခင်းတွေဖြစ်လာပြီဆိုလို့ရှိရင် ကျွန်တော်တို့မြေနဲ့ပတ်သက်ပြီးတော့ နိုင်ငံပိုင်မြေ၊ မြို့မြေ၊ စားကျက်မြေ၊ ကျေးရွာမြေတွေကို ပြည်ထဲရေးဝန်ကြီးဌာနက စီမံခန့်ခွဲရပါတယ်။ လယ်ယာမြေ၊ မြေနုကျွန်းကိစ္စတွေကိုတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကစီမံခန့်ခွဲရသလို သစ်တောမြေကိုတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနက စီမံဆောင်ရွက်ရပါတယ်။ အလားတူပဲ လမ်းမြေ၊ သုသာန်မြေတွေကို စည်ပင်သာယာရေးဌာနက ဆောင်ရွက်ရတာရှိသလို

ကျေးရွာပိုင်ထင်းစိုက်ခင်းတွေနဲ့ ကျေးရွာဘုံမြေတွေကို သက်ဆိုင်ရာကျေးရွာ ကနေပြီးတော့မှ ထိန်းသိမ်းရတဲ့ ကျင့်ထုံးဥပဒေတွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့လည်း ဒီဥပဒေတွေမှာကျွန်တော်တို့က သာမန် အကြောင်းကြားရုံနဲ့မဟုတ်ဘဲနဲ့ အရေးယူရန်အကြောင်းကြားခြင်းဆိုပြီးတော့မှ ဥပဒေမှာ ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ပြင်ဆင်ရန်တင်ပြချက်သဘောများပါရှိပြီး သဘောသက်ရောက်ပြီး ဖြစ်တဲ့အတွက် ဖြည့်စွက်ရန်မလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးမောင်ဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမောင်ဦး(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမြေနုကျွန်းနဲ့ ပတ်သက်တဲ့ အငြင်းပွားမှုတွေဟာ လောလောဆယ်အခြေအနေမှာကို ကျွန်တော်တို့ မြို့နယ်အတွင်း ကျွန်တော်တို့နီးစပ်ရာမြို့နယ်အတွင်းမှာ တွေ့ကြုံနေရပါတယ်။ အဲဒါလေးတွေနဲ့ ပတ်သက်ပြီးတော့ ကျေးရွာလူထုရဲ့ဆန္ဒအရ သူတို့က ဖြစ်ပေါ်စေချင်တဲ့ဟာကို ကျွန်တော်အခြေပြုပြီးတော့ တင်ပြရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူပါ့မယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးမောင်ဦးရဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးကြပါ။ ၁၆ ယောက်၊ ထိုင်ကြပါခင်ဗျား။ ကြားနေမယ့်ပုဂ္ဂိုလ်များ မတ်တတ်ရပ်ပေးပါ။ ၅ ယောက်ရှိပါတယ်။ နှစ်ခုပေါင်းဘယ်လောက်ရှိပါသလဲ။ ၂၁ ယောက်၊ ကန့်ကွက်မဲ ၃၅၆ မဲ။ ဒါကြောင့်မို့လို့ ဦးမောင်ဦးရဲ့အဆို အရေးနိမ့်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၃ ၊အပိုဒ်ခွဲ(ပ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၃ ၊အပိုဒ်ခွဲ(ဖ)ပါ မူလပြဋ္ဌာန်းချက် စာပိုဒ်ရဲ့အဆုံး အကြောင်းကြားခြင်း၏ရှေ့တွင် အရေးယူရန်ဟူသော စကားရပ်ဖြည့်စွက်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။ ပြည်ထောင်စုအစိုးရရဲ့သဘောထားကို သိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ယခင်တင်ပြချက် အတိုင်းပဲ ဖြစ်ပါတယ်ခင်ဗျား။ အရေးယူရန်အကြောင်းကြားခြင်းနဲ့ အကြောင်းကြားခြင်း ကိစ္စပဲဖြစ်ပါ

တယ်။ သို့သော်လည်း အဓိပ္ပါယ်သက်ရောက်မှုခြင်းအတူတူပဲ ဖြစ်တဲ့အတွက် သီးခြား တင်ပြရန်မရှိပါဘူး။ (ကြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုမှာ အပိုဒ် ၁၃ ၊အပိုဒ်ခွဲ(ဖ)သည် ပြင်ဆင်ထားသည့်အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။(ကြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၃ ၊အပိုဒ်ခွဲ(ဗ) မူလပြဋ္ဌာန်းချက်ပါ ထူးခြားမှုအခြေအနေများ စကားရပ်နောက်တွင် ကို ဟူသောစကားလုံး ထည့်သွင်းသင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။ ပြည်ထောင်စုအစိုးရရဲ့သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။သီးခြား တင်ပြရန်မရှိပါဘူးဥက္ကဋ္ဌကြီး။

**ဥက္ကဋ္ဌ** ။ ။ အဆိုမှာ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဗ)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။(ကြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အပိုဒ် ၁၃ ၊အပိုဒ်ခွဲ(ဘ)ပါ မူလပြဋ္ဌာန်းချက် လယ်ယာမြေစီမံခန့်ခွဲခြင်း၊ လယ်ယာမြေမူလအငြင်းပွားမှုများကိုစစ်ဆေးဆုံးဖြတ်ခြင်းအစား တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ လယ်ယာမြေစီမံခန့်ခွဲခြင်းဟူ၍ အစားထိုးပြင်ဆင်ရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။ အပိုဒ် ၁၃ ၊အပိုဒ်ခွဲ(ဘ)အတွက် ဦးမောင်ဦး၊ ဖောင်းပြင်မဲဆန္ဒနယ် အား ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးမောင်ဦး(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခန်း (၇) ၊ အပိုဒ် ၁၃ ၊ အပိုဒ်ခွဲ(ဘ)မှာ

လယ်ယာမြေစီမံခန့်ခွဲခြင်း၊ လယ်ယာမြေမူလအငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်ခြင်း ဆိုပြီးတော့ လုပ်ပိုင်ခွင့်ကို ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးတည်းအား အပ်နှင်းထားပါတယ်။ လယ်ယာမြေဟာ ကျေးလက်နေတောင်သူလယ်သမားများအဖို့ အသက်ပမာ တွယ်တာမြတ်နိုးတန်ဖိုးထားတဲ့ပစ္စည်းဖြစ်ပါတယ်။ မိမိပိုင်လယ်ယာမြေကို တစ်ဦးတစ်ယောက်တည်းရဲ့ သဘောဆန္ဒအရ ဆုံးဖြတ်ချက်ချလို့ လက်လွှတ်ဆုံးရှုံးလိုက်ရရင် ဘယ်နည်းနဲ့မှ ကျေကျေနပ်နပ်လက်ခံနိုင်မှာမဟုတ်ပါဘူး။ ကျေးရွာအုပ်စုဥက္ကဋ္ဌအနေဖြင့် မှန်မှန်ကန်ကန်ဆုံးဖြတ်စေကာမူ သံသယအမျိုးမျိုးပေါက်ပြီးအညှိုးထားစေနိုင်ပါတယ်။ တစ်ဖက်ကကြည့်ပြန်လျှင်လည်း တစ်ဦးတစ်ယောက်တည်းကို ဆုံးဖြတ်ပိုင်ခွင့်ပေးထားခြင်းဟာ အဂတိတရားထားနိုင်စေရာ အခွင့်အရေးပေးသလိုဖြစ်နေပါတယ်။ အခု လေး ၊ ငါး နှစ်ကာလအတောအတွင်းမှာ မြေယာအငြင်းပွားမှုများ၊ မြေယာပြဿနာများဟာ ယခင်၊ ယခင်နှစ်များက ထက် ပိုမိုများပြားလာကြောင်းကြားသိရပါတယ်။ ရွှေလုပ်ကွက်များ ချထားပေးရာမှာ လယ်ယာမြေနဲ့ မလွတ်လို့ပြဿနာဖြစ်ရတာ၊ ရွှေမျှောတိုက်ရာမှ ထွက်လာတဲ့မြေဇာ၊ ရွှံ့မြေများကြောင့် စိုက်ပျိုးရေး ထိခိုက်လို့ ပြဿနာဖြစ်ရတာများကိုလည်း တွေ့မြင်ကြားသိနေရပါတယ်။ မြေယာစီမံခန့်ခွဲမှု၊ မြေယာအငြင်းပွားမှုများမှာ မြေနုကျွန်းပြဿနာကလည်း ကြီးမားတဲ့အခန်းကဏ္ဍကပါဝင်နေပါတယ်။ နှစ်စဉ်ရေကျသွားတိုင်းပေါ်လာပြီး အတည်အငြိမ်မရှိတဲ့မြေနုကျွန်းကို စီမံခန့်ခွဲရာမှာ ကြီးကြီးမားမား ပြဿနာမရှိသည့်တိုင် မကျေနပ်မှုတွေ၊ မပြေလည်မှုတွေကတော့ အမြဲတစေရှိနေပါတယ်။ ဟိုအဖွဲ့၊ ဒီအဖွဲ့ ရန်ပုံငွေအတွက် မြေကွက်ခွဲဝေပေးတာတွေ ဦးစားပေးအဆင့် သတ်မှတ်ပေးတာတွေကအစ အငြင်းမပွားကြသည့်တိုင် မကျေနပ်မှု အကြိတ်အခဲလေးတွေကတော့ ရှိနေကြပါတယ်။ ဒါ့ကြောင့် မြေနုကျွန်းနဲ့ပတ်သက်တဲ့စီမံခန့်ခွဲမှုကို မြို့နယ်ကကော်မတီဖွဲ့ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲလို ဆောင်ရွက်နေတာတောင်မှ ပြဿနာလေးတွေက ကျွန်တော်တို့ကြုံတွေ့နေရတဲ့အတိုင်းအတာမှာ အခြေအနေမှာရှိပါတယ်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးတည်းကိုသာ ဒီစီမံခန့်ခွဲမှုလုပ်ပိုင်ခွင့်ကို ပေးလိုက်မယ်ဆိုပါက အငြင်းပွားမှုပြဿနာတက်တာ ကျေးရွာအုပ်စုအတွင်းမှာ စည်းလုံးညီညွတ်မှုကိုလည်း ပျက်ပြားသွားစေနိုင်ပါတယ်။ ဒါ့အပြင် ဒီအပိုဒ်ခွဲမှာပါတဲ့ လုပ်ပိုင်ခွင့်နဲ့တာဝန်များဟာ လက်ရှိတည်ဆဲဖြစ်နေတဲ့ မြေယာဥပဒေများနဲ့လည်း လိုက်လျောညီထွေမရှိတာကိုတွေ့ရှိရပါတယ်။ မြေယာဥပဒေအသစ်ကလည်း မပေါ်ပေါက်သေးတာကြောင့် နောက်လာမယ့် ဥပဒေ၊ နည်းဥပဒေများနဲ့ ဘယ်ပြုဘယ်ပုံဆက်စပ် ဆောင်ရွက်မယ်ဆိုတာကိုလည်း မှန်းဆရခက်နေပါတယ်။ ဒါ့ကြောင့် မပေါ်ပေါက်သင့်တဲ့ပြဿနာများ မပေါ်ပေါက်ရအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့လည်းကောင်း၊ ကျေးရွာသူ၊

ကျေးရွာသားများရဲ့ဆန္ဒကို တတ်စွမ်းသမျှ ဖော်ဆောင်ပေးနိုင်စေရန်အတွက်သော်လည်းကောင်း၊ ဒီမိုကရေစီကျင့်စဉ်ကိုပီပြင်စွာအကောင်အထည်ဖော်နိုင်စေရေးအတွက်သော်လည်းကောင်း၊ လယ်ယာမြေ စီမံခန့်ခွဲခြင်း၊ လယ်ယာမြေ မူလအငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်စေခြင်း လုပ်ပိုင်ခွင့်အစား လယ်ယာမြေစီမံခန့်ခွဲခြင်း၊ လယ်ယာမြေအငြင်းပွားမှုများကို ကော်မတီဖွဲ့၍စစ်ဆေးဆုံးဖြတ်စေသင့်ကြောင်းအကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါသလား။

**ဦးခင်မောင်မြင့်(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးတင်သွင်းသွားတဲ့အဆိုကို အလေးအနက် ထောက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီ(ဘ)အပိုဒ်ကိုပဲ ဦးသောင်းဟန်၊ ယင်းမာပင်မြို့နယ်က အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က အပိုဒ် ၁၃ ၊ အပိုဒ်ခွဲ(ဘ)ကို လယ်ယာမြေမူလအငြင်းပွားမှုများကို သက်ဆိုင်ရာကတောင်းခံလျှင် သဘောထားမှတ်ချက်ပေးခြင်းလို့ ပြင်ဆင်ရန်တင်ပြထားပါတယ်။ သို့သော်လည်းပဲ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် အပ်နှင်းထားသောလုပ်ပိုင်ခွင့်အရ လယ်ယာမြေစီမံခန့်ခွဲခြင်းလို့ပြင်ဆင်ရန် တင်ပြထားတဲ့အတွက် ဒီတင်ပြချက်ဟာ မည်သည့်ဥပဒေပေါ်ပေါက်လာသည်ဖြစ်စေ၊ လွှမ်းခြုံပြီးသားစကားရပ်များဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ တင်ပြထားတဲ့ အပိုဒ် ၁၃ ၊ အပိုဒ်ခွဲ(ဘ)လယ်ယာမြေ မူလအငြင်းပွားမှုများကို သက်ဆိုင်ရာကတောင်းခံလျှင် သဘောထားမှတ်ချက်ပေးခြင်းဆိုတဲ့ပြင်ဆင်ရန် တင်ပြချက်ကိုပြန်လည်ရုပ်သိမ်းပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်နှင့် ၎င်းအပေါ် ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ဦးသောင်းဟန် တင်ပြသွားသလို

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ လယ်ယာမြေများစီမံခန့်ခွဲခြင်းသည် နောင်မည်သည့် ဥပဒေပေါ်ပေါက်လာသည်ဖြစ်စေ အားလုံးလွှမ်းခြုံအကျုံးဝင်မှာဖြစ်တဲ့အတွက် ဦးသောင်းဟန်အနေနဲ့တင်ပြထားတဲ့ အဆိုကိုပြန်လည် ရုပ်သိမ်းပြီး တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်တင်ပြချက်ကို ထောက်ခံသွားတဲ့ကိစ္စဖြစ်ပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်တင်ပြထားတဲ့ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် အပ်နှင်းထားသောလုပ်ပိုင်ခွင့်အရ လယ်ယာမြေ စီမံခန့်ခွဲခြင်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြပေးဖို့ ဖြစ်ပါတယ်။ နေရာကပဲ ရှင်းပါ။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဥပဒေကြမ်းအနေနဲ့ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ လယ်ယာမြေစီမံခန့်ခွဲခြင်းဆိုပြီးမှ ပြင်ဆင်ထားတာကတော့ နောင်ဖြစ်ပေါ်လာမယ့် လယ်ယာမြေကိစ္စနှင့်စပ်လျဉ်းပြီး ဖြစ်ပေါ်လာမယ့် ဥပဒေတွေအရ လုပ်ပိုင်ခွင့်ပေးထားခြင်းပဲဖြစ်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်တွေးတောဆင်ခြင်ပြီးမှ ဒီစကားရပ်ကို ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီသည် လွှတ်တော်ကိုယ်စား၊ ပြည်သူ့လွှတ်တော်ကိုယ်စား ဆောင်ရွက်ရတဲ့အဖွဲ့အစည်းဖြစ်သလို တင်ပြချက်ကလည်း အခြေအနေနဲ့ကိုက်ညီပြီး ဥပဒေကြောင်း အနေနဲ့လည်းညီညွတ်ပါတယ်။ သို့ရာတွင် ဦးမောင်ဦး၊ ဖောင်းပြင်မဲဆန္ဒနယ်က အဆိုပြုတင်ပြထားတာ ပေါ်မူတည်ပြီးတော့ ရှင်းလင်းအောင်ဖြေကြားခိုင်းခြင်းဖြစ်ပါတယ်။ သို့ရာတွင် အခွင့်အရေးတစ်ရပ်ပေး တဲ့အနေနဲ့ ဦးမောင်ဦးတင်ပြထားတဲ့ အဆိုပြုချက်အပေါ်ထောက်ခံသူ တစ်ယောက်ရှိတဲ့အတွက် အခုလည်းအခွင့်အရေးတစ်ရပ်အနေနဲ့ ဦးမောင်ဦးတင်ပြတဲ့အဆိုကို ထောက်ခံမယ့်သူရှိရင် မတ်တတ်ရပ် ပေးပါ။ ထိုင်နိုင်ပါပြီခင်ဗျား။ ထောက်ခံခြောက်ယောက်၊ ကြားနေမယ့်သူများရှိရင် မတ်တတ်ရပ်ပေးပါ။ ကြားနေတစ်ယောက်၊ ကျန်တာကန့်ကွက်၊ ဒါကြောင့်မို့လို့ သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စားလှယ်က ပြန်လည်ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီတင်ပြထားတဲ့ တည်ဆဲဥပဒေ တစ်ရပ်ရပ်နှင့်အပ်နှင်းထားသောလုပ်ပိုင်ခွင့်အရ လယ်ယာမြေစီမံခန့်ခွဲခြင်း ဆိုတဲ့နေရာမှာ လယ်ယာမြေ စီမံခန့်ခွဲခြင်း၊ လယ်ယာမြေမူလ အငြင်းပွားမှုများ စိစစ်ဆုံးဖြတ်ခြင်းဆိုတဲ့အချက်တွေပါ အကျုံးဝင်ပြီး

ဖြစ်တဲ့အပြင်ပိုမိုပြည့်စုံတဲ့ ပြင်ဆင်ရန်တင်ပြချက်ဖြစ်တဲ့အတွက် မှတ်ချက်ပြုရန် မရှိကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာအပိုဒ် ၁၃၊အပိုဒ်ခွဲ (ဂ)သည် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရလယ်ယာမြေ စီမံခန့်ခွဲခြင်းကို လွှတ်တော်ကအတည်ပြုရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၃ ၊အပိုဒ်ခွဲ(မ)နှင့်(ရ)အတွက် ပြင်ဆင်ချက်မရှိပါ။ အဆိုမှာ အပိုဒ်၁၃၊ အပိုဒ်ခွဲ (ရ) မူလပြဋ္ဌာန်းချက်ပါ အကြောင်းကြားခြင်း၏ ရှေ့တွင်အရေးယူရန်ဟူသည့် စကားရပ်ထည့်သွင်းရန်ဥပဒေကြမ်းကော်မတီကတင်ပြထားပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားကို သိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီး ကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုမှာအပိုဒ်၁၃ ၊အပိုဒ်ခွဲ (ရ)သည်။ ပြင်ဆင်ထားသည့်အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကိုလွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၃ ၊အပိုဒ်ခွဲ (လ)မှ(ဝ)အထိ ပြင်ဆင်ချက်မရှိပါ။ အဆိုမှာအပိုဒ် ၁၃၊ အပိုဒ်ခွဲ (သ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဦးသောင်းဟန်အားပြင်ဆင်ချက်အဆိုတင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့အပိုဒ် ၁၃၊ အပိုဒ်ခွဲ (သ) မှာမူလအဆိုဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပံ့ပိုးကူညီခြင်းဆိုတဲ့အဆိုမှာ ၎င်းအပြင် အဆင့်ဆင့်သော ဌာနဆိုင်ရာ အဖွဲ့အစည်းဝန်ထမ်းများအား မိမိရပ်ကွက်အုပ်စုအတွင်း လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ပေါင်းစပ် ကူညီပံ့ပိုးခြင်းလို့ဖြည့်စွက်ပြီးတော့ ပြင်ဆင်တင်ပြထားပါတယ်။ ကျွန်တော် ဒီလိုဖြည့်စွက်ပြင်ဆင်တင်ပြထားရတဲ့ ရည်ရွယ်ချက်ကလေးကိုတော့ အနည်းငယ်တင်ပြလိုပါတယ်။

ကျွန်တော်တို့ကျေးရွာအုပ်စုတွေမှာ ကျေးရွာအုပ်စုတာဝန်ယူရတဲ့ ဥက္ကဋ္ဌ သို့မဟုတ် အုပ်ချုပ်ရေးမှူး စတဲ့ပုဂ္ဂိုလ်တွေ့နဲ့ ကျွန်တော်အတော်များများ လက်တွဲဆောင်ရွက်ခဲ့ရဖူးပါတယ်။ ကျွန်တော်ဟာ ဝန်ထမ်းဘဝနဲ့ ဌာနလေးခုလောက်မှာ မြို့နယ်တော်တော်များများကို နယ်လုပ်ငန်းတွေချည်းပဲ အတော်များများဆင်းပြီးတော့ လုပ်ကိုင်ခဲ့ရတဲ့အခါ အချို့ကျေးရွာအုပ်စုအုပ်ချုပ်ရေးကို တာဝန်ယူတဲ့ဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူးစသည့်ပုဂ္ဂိုလ်တွေဟာ ကျေးရွာအုပ်စုအဆင့်၊ ဌာနဆိုင်ရာတွေ ကူညီပံ့ပိုးတာရှိသလို ကျန်တဲ့အဆင့်ဆင့်သောအခြားဌာနဆိုင်ရာအဖွဲ့အစည်းဝန်ထမ်းတွေလာတဲ့အခါကျေးရွာအုပ်စုအတွင်း ဆောင်ရွက်ရန်ရှိတဲ့ကိစ္စများကိုဆောင်ရွက်ရန်လာတဲ့အခါမှာကူညီသူရှိသလိုမကူညီတဲ့ပုဂ္ဂိုလ်များလည်း တွေ့ကြုံခဲ့ရပါတယ်။အဲဒီအခါမှာဌာနဆိုင်ရာရဲ့လုပ်ငန်းများဟာနှောင့်နှေးကြန့်ကြာအဖုအထစ်များရှိတဲ့အခြေအနေများနဲ့ကြုံခဲ့ရဘူးပါတယ်။ဒါကိုအခြေခံပြီးတော့ကျွန်တော့်အနေနဲ့တစ်ဖက်ကမူလပြဌာန်းချက်မှာ ပါတဲ့ကန့်သတ်ထားသလိုရှိတဲ့ကျေးရွာအုပ်စုအဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကိုသာပေါင်းစပ်ညှိနှိုင်းခြင်းနဲ့ ပံ့ပိုးကူညီခြင်းလုပ်ရမယ့်အနေအထားမျိုးလို ကျယ်ကျယ်ဝန်းဝန်း ဖြစ်သွားအောင် ကျန်တဲ့ဌာနဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်က ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများလာရောက်ခဲ့လို့ရှိရင် လည်းကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးအတွက် ဖြည့်စွက်ပြီးတော့ တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဥပမာ သာဓကလေးတွေလည်း ကျွန်တော်တင်ပြလိုပါတယ်။ ဌာနဆိုင်ရာအားလုံးဟာ ၉၀ ရာခိုင်နှုန်းနီးပါး လောက်ကျေးရွာလူထုတွေနဲ့ ကျေးရွာတွေနဲ့ဆက်သွယ်ဆက်ဆံကြရပါတယ်။ ယခုမကြာခင်မှာ ဆောင်ရွက်ကြမယ့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး စီမံကိန်းများဟာလည်း ကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ ကျေးရွာလူထုတွေနဲ့ ဆက်သွယ်ဆက်ဆံပြီးတော့ အကောင်အထည်ဖော်ကြရမယ်။ လာမယ့်ကာလမှာလည်းပဲ စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာန ဆောင်ရွက်နေတဲ့သီးနှံအထွက်တိုးရေး၊ လယ်ယာမြေ ဖွံ့ဖြိုးရေးကိစ္စတွေဟာလည်း ကျေးရွာအုပ်စုတွေနဲ့ဆက်စပ်ပြီးတော့ဆောင်ရွက်ကြရာမှာ အဲ့ဒီအချိန်မှာ ကျေးရွာအုပ်စုခေါင်းဆောင်ဖြစ်တဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးက စာရင်းဇယားသော်လည်းကောင်း၊ စံပြအကွက်သော်လည်းကောင်း၊ သရုပ်ပြကွက်သော်လည်းကောင်း၊ နည်းပညာပေးတဲ့ဟောပြောပွဲ၊ ဆွေးနွေးပွဲသော်လည်းကောင်း စသည့်ဆောင်ရွက်ရန်ရှိတဲ့ကိစ္စတွေကို ကျေးရွာအုပ်စုအဆင့်မက ပညာရှင်များ လာရောက်လုပ်ကိုင်ဆောင်ရွက်တဲ့အနေမှာ ထဲထဲဝင်ဝင်၊ လှိုက်လှိုက်လှဲလှဲ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက်ဒီအဆိုကို ကျွန်တော်ဖြည့်စွက်တင်သွင်းခြင်းဖြစ်ပါတယ်။ ဌာနဆိုင်ရာအဖွဲ့အစည်းလို့ဆိုတဲ့အတွက်စစ်ဖက်၊ နယ်ဖက်အကုန်ပါဝင်ပြီး အကျုံးဝင်ပြီးလည်းဖြစ်ပါတယ်။ စိုက်ပျိုးရေးကိစ္စတွင်သာမကပါဘူး။ ကျွန်တော့်ကိုယ်တွေ့အနေနဲ့ စက်မှုလယ်ယာကိစ္စ အကြွေးများပေးထားတဲ့ စက်ကိရိယာ

ကြွေးများ ကိုပြန်လည်ကောက်ခံတဲ့နေရာမှာတောင် ကျေးရွာအုပ်ချုပ်ရေးမှူးတွေက ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိတဲ့ ဥက္ကဋ္ဌတွေက အကြွေးကျန်တဲ့ တောင်သူကို ခေါ်မပေးခြင်း၊ အကြွေးပေးရန်အတွက်စည်းရုံးဟောပြောရန်လူစုမပေးခြင်းစတဲ့ အတွေ့ကြုံတွေကြုံခဲ့ရပါတယ်။ စိုက်ဘဏ်စနစ်နဲ့စိုက်ဘဏ်မှာ ကြွေးပေးတဲ့အကြွေးများစသည်ဖြင့် အကြွေးမျိုးစုံကောက်တဲ့အခါ နိုင်ငံတော်ရဲ့ အကြွေးမျိုးစုံကို ကောက်ခံတဲ့အခါမှာ၊ ဒီလိုကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေက ကူညီပံပိုးမပေးရင် နိုင်ငံတော်အတွက်လည်းနစ်နာမှုတွေရှိလာနိုင်ပါတယ်။ နောက်တစ်ခါကျွန်တော် ကိုယ်တွေ့ ပြောရရင်ယခင်ယခင်ကာလက တပ်မတော်ဟာရိက္ခာကိုနယ်ဆင်းဝယ်ပါတယ်။ ကုလားပဲ၊ ငရုတ် စတဲ့ရိက္ခာဝယ်တဲ့တပ်မတော်သားတွေကို ကူညီတဲ့ဥက္ကဋ္ဌတွေရှိသလို အကူအညီမပေးတဲ့ဥက္ကဋ္ဌတွေရှိလို့ အဖုအထစ်တွေဖြစ်၊ သိုလှောင်ရေးအဖုအထစ်တွေဖြစ်၊ ချိန်တွယ်ရေးအဖုအထစ်တွေဖြစ်၊ ထားသိုရေးအဖုအထစ်တွေဖြစ်ပြီးတော့ အခက်အခဲတွေနဲ့ကြုံခဲ့ရဘူးပါတယ်။ ဒါတွေကို ကျွန်တော်လက်တွေ့ အတွေ့အကြုံတွေကနေရရှိတဲ့ အနေအထားပေါ်မှာမူတည်ပြီးတော့ ခုနက ဖြည့်စွက်ထားတဲ့အချက်ကို ကျွန်တော်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီဥပဒေကြမ်းမှာ အခန်း (၁၇) အထွေထွေအခန်းမှာ ပုဒ်မ ၄၅ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနသည်လိုအပ်သော နည်းဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများကိုပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်လို့တစ်ချက်ပါပြီးတော့။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနသည်လိုအပ်သောအမိန့်၊ ကြော်ငြာစာ အမိန့်၊ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်လို့ပါတဲ့အတွက်

ကျွန်တော်ရဲ့ဖြည့်စွက်ချက်ဟာပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးကနေပြီးတော့ နည်းဥပဒေများနဲ့သော်လည်းကောင်း၊ စည်းမျဉ်းစည်းကမ်းများနဲ့သော်လည်းကောင်း၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာများနဲ့သော်လည်းကောင်း ဖြည့်စွက်ပြီးတော့ဆောင်ရွက်မယ်ဆိုရင် ရနိုင်တယ်လို့သုံးသပ်တွေ့ရှိရတဲ့အတွက် ကျွန်တော်ရဲ့အဆိုကိုပြန်လည်ရုပ်သိမ်းကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒုတိယဗိုလ်ချုပ်ကြီး ကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ဦးသောင်းဟန်ရဲ့ ရည်ရွယ်ချက်အတိုင်းပဲ ကျွန်တော်တို့ ရေးဆွဲထားတာဖြစ်ပါတယ်ခင်ဗျား။ ဒီစာသားလေးရဲ့၊ စာပိုဒ်ရဲ့ ဝါကျအထားအသို အနေအထားလေးအပေါ်မှာ အယူအဆကြောင့်လည်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ရေးဆွဲထားတာဟာ ခုနက ဦးသောင်းဟန်တင်ပြသွားတဲ့အတိုင်း ဆောင်ရွက်ဖို့ ဆိုလိုရင်း

ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်အထိဆင်းပြီး လာတဲ့ဌာနဆိုင်ရာတွေရဲ့လုပ်ငန်းတွေကိုပေါင်းစပ်ညှိနှိုင်းပေးဖို့ဆိုတဲ့အဓိပ္ပာယ်ပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒီရေးသားထားတဲ့နေရာမှာအကျဉ်းချုပ်ပြီးတော့ ရေးသားထားတာဖြစ်တဲ့အတွက် ခုနက ဦးသောင်းဟန် တင်ပြတဲ့ သဘောသဘာဝချင်း တူညီမှုရှိကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးသောင်းဟန် တော်တော်ပြောလာတော့ ကျွန်တော်ကတော့ မဲခွဲရတော့မယ်ထင်နေတာ။ ဘေးကလူတွေလည်း နားစိုက်ထောင်နေတာ။ အပိုဒ် ၁၃၊ အပိုဒ်ခွဲ (သ) မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၃၊ အပိုဒ်ခွဲ (ဟ)မှ(ဠ)အထိလည်းကောင်း၊ အခန်း (၈) ၊အပိုဒ် ၁၄ သည်လည်းကောင်းပြင်ဆင်ရန်မရှိပါ။ ဒါ့ကြောင့် အပိုဒ် ၁၅ အတွက် ဗိုလ်မှူး သိန်းအောင်အား ပြင်ဆင်ချက်အဆို တင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူး သိန်းအောင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားသောဧည့်သည်တော်များခင်ဗျား။ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်ကြည်း ၁၉၃၄၀ ဗိုလ်မှူး သိန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်ပြင်ဆင်ရန်တင်ပြချက်ကတော့ အပိုဒ် ၁၅မှာပါတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးနှင့်ပတ်သက်၍ အောက်ပါအကြောင်း တစ်ရပ်ရပ်ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းပြုလုပ်နိုင်သည်ဆိုတာကိုဖြည့်စွက်ရန် တင်ပြထားခြင်းဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်ထဲကလိုအပ်ပါကဆိုတဲ့ စုံစမ်းစစ်ရေးခုံရုံးနဲ့ပတ်သက်ပြီးတော့ စာသားကိုပယ်ဖျက်ပေးရန် ၊ ပြင်ဆင်ရန်တင်ပြထားခြင်းဖြစ်ပါတယ်။ အခန်း (၅) ပါကျွန်တော်တို့လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်တစ်ရပ်ရပ်ကိုလို့ပါရှိပါတယ်။ အဲဒါတွေကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဟာ လုပ်ငန်းတာဝန်များကိုဆောင်ရွက်တဲ့အခါမှာ အောက်ပါကျင့်ဝတ်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်လို့ ပါရှိပါတယ်-

(က) လုပ်ငန်းတာဝန်များကို ဥပဒေ၊နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ၊ ညွှန်ကြားချက်များနှင့် အညီဆောင်ရွက်ခြင်း၊

(ခ) လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုလုပ်ခြင်း၊ အရှိန်အဝါကို အသုံးပြုခြင်း၊ မသမာမှုပြုခြင်းနှင့် မလျော် သြဇာသုံးခြင်းတို့မှရှောင်ကျဉ်ခြင်း၊

(ဂ) ဥပဒေနှင့်အညီပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းတို့ ဖြစ်ပါတယ်။

ဒါတွေကိုရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဟာ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ရာမှာ ကျင့်သုံးလိုက်နာခြင်းမရှိပါက အုပ်ချုပ်ရေးမှူးအား ဖြစ်ရပ်မှန်ပေါ်ပေါက်ရေးအတွက် မဖြစ်မနေစုံစမ်းစစ်ဆေးမှုပြုလုပ်ရမယ့် အချက်များဖြစ်နေသဖြင့် လိုအပ်ပါကဟူသောစကားရပ်ကို ပယ်ဖျက်ရန် တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးတင်ထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးသိန်းအောင်ရဲ့ပြင်ဆင်ရန်တင်ပြချက်အဆိုကို ထောက်ခံပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာမူလပြဋ္ဌာန်းချက်အပိုဒ် ၁၅ ဒုတိယစာကြောင်းပေါ် ပေါက်လာလျှင် ဟူသောစကားရပ်နောက်မှလိုအပ်ပါကဆိုတဲ့ စကားရပ်အားပယ်ဖျက်ရန်ဖြစ်သည်။ ပြည်ထောင်စုအစိုးရ အဖွဲ့ရဲ့သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီး ကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးအပ်ခြင်းဖြစ်တဲ့အတွက် ယခုကိစ္စတွေကို မြို့နယ်အုပ်ချုပ်ရေးမှူး ကဆောင်ရွက်ခွင့်ရှိတာဖြစ်ပါတယ်။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ကိုမကျေနပ်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြတိုင်ကြားခွင့်လည်းရှိပါတယ်။ အကြောင်းအရပ်တစ်ခု ပေါ်ပေါက်လာတိုင်း စစ်ဆေးရန်မလိုအပ်ပါဘူးခင်ဗျား။ အချို့သောကိစ္စရပ် တွေဟာမလိုအပ်တဲ့ကိစ္စရပ် တွေအပေါ်မှာ ပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ ခေါ်ယူသတိပေးခြင်းများလည်း ဆောင်ရွက်လို့ရတဲ့ ကိစ္စရပ်တွေလည်းရှိနိုင်ပါတယ်။ လိုအပ်လာလို့ရှိလျှင် အုပ်ချုပ်ရေးနည်းလမ်းအရလည်း အရေးယူ ဆောင်ရွက်နိုင်တာတွေရှိတဲ့အတွက် လိုအပ်မှသာစုံစမ်းစစ်ဆေးမှုက ပြုလုပ်သင့်ပါတယ်။ နေရာတိုင်းမှာ စုံစမ်းစစ်ဆေးမှုတွေပြုလုပ်နေမယ်ဆိုလို့ရှိရင် အချိန်ကြန့်ကြာမှုတွေပိုမိုဖြစ်ပေါ်လာနိုင်တဲ့အတွက် ယခု စကားရပ်အား မဖြုတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ ဗိုလ်မှူး သိန်းအောင်ရဲ့သဘောထားသိလိုပါတယ်။

**ဗိုလ်မှူး သိန်းအောင်(တပ်မတော်သားကိုယ်စားလှယ်)။** ။ ပြည်ထဲရေးဝန်ကြီးရဲ့ပြောကြားချက်ကိုလက်ခံပါတယ်။ ကျွန်တော့်ရဲ့တင်ပြချက်ကိုပြန်လည်ရုပ်သိမ်းပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ အပိုဒ်၁၅သည်မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၅ မှာ အပိုဒ်ခွဲအလိုက် ပြင်ဆင်ချက်တင် ပြမှုရှိပါတယ်။ ဒါကြောင့် မူလပြဋ္ဌာန်းချက် အပိုဒ်၁၅၊ အပိုဒ်ခွဲ(င)အတွက် ဦးတင်ထွန်း၊ ရွှေကျင်မဲဆန္ဒနယ်အား ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွန်း(ရွှေကျင်မဲဆန္ဒနယ်)။** ။လေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရွှေကျင်မဲဆန္ဒနယ်က၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်ကွက်အုပ်ချုပ်ရေး ဥပဒေမှာ ပြင်ဆင်ချက်တစ်ခုဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုဦးစီးဝင် သုံးပုံတစ်ပုံက လက်မှတ်ရေးထိုး၍ တာဝန်မှနှုတ်ထွက်စေရန်တိုင်ကြား၍ သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုခုမှ စစ်ဆေးပြီးတာဝန်မှရပ်စဲသင့်ကြောင်း တင်ပြခံရသူဖြစ်ခြင်းဆိုတဲ့အပိုဒ်ကို ကျွန်တော်အပိုဒ်(င)အနေနဲ့ ဖြည့်စွက်တင်ပြခြင်းဖြစ်ပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ ဒီတာဝန်မှနှုတ်ထွက်စေရန်တိုင်ကြားပြီးတော့ ဒီပုဂ္ဂိုလ်ဟာတာဝန်မှ ပြန်လည်ရုပ်သိမ်းခံရမယ်ဆိုတဲ့ သဘောသက်ရောက်တဲ့အတွက်ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူအခန်း(၁)ပုဒ်မ ၃၈(ခ)မှာပါရှိတဲ့ ပြည်သူ့ ကိုယ်စားလှယ်များကိုပြန်လည်ပြီးတော့တာဝန်မှ ရုပ်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နဲ့မညီညွတ်ဘူးလို့ ကျွန်တော်ယူဆတဲ့ အတွက်ကြောင့် ကျွန်တော့်အဆိုအား ပြန်လည်ရုပ်သိမ်းအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ ဆက်လက်ပြီးအပိုဒ် ၁၅၊ အပိုဒ်ခွဲ(င) အတွက် ဗိုလ်မှူးသော်ဇင်အား ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးသော်ဇင်(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အပိုဒ် ၁၅၊ အပိုဒ်ခွဲ(င)အားဖြည့်စွက်ခဲ့သော်လည်း ဗိုလ်မှူးသိန်းအောင် ထပ်မံဖြည့်စွက်သည့်အပိုဒ်ခွဲ(စ)မှာ ကျွန်တော်ပြင်ဆင်ခဲ့သော ပြင်ဆင်ချက်အဓိပ္ပာယ်ပါရှိတဲ့အပြင် ပိုမိုပြည့်စုံ

သည့်ထပ်မံဖြည့်စွက်ချက်ဖြစ်သဖြင့် ကျွန်တော်၏ဖြည့်စွက်ခြင်းအားရုပ်သိမ်းခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၅၊ အပိုဒ်ခွဲ(င)သည် မူလပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအား ၁၅ မိနစ်ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို နေ့လယ် ၁၄း၃၀ နာရီ အချိန်တွင်ပြန်လည် စတင်ပါ့မယ်ခင်ဗျား။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅ မိနစ်ခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည့်တော် များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၅ အတွက်ဆက်လက်ဆောင်ရွက်ပါမယ့်။ ဗိုလ်မှူးသိန်းအောင်အားပြင်ဆင်ချက်အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးသိန်းအောင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ အပိုဒ် ၁၅ နဲ့ပတ်သက်ပြီးတော့ ပြင်ဆင်ချက် (က)နဲ့(င)အပြင်ထပ်မံဖြည့်စွက်ချက်အဖြစ် အပိုဒ် (စ) နဲ့ (ဆ)ကိုဖြည့်စွက်ပေးရန် တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အပိုဒ် (စ)အနေနဲ့ ဤဥပဒေအခန်း (၃) တွင်ပြဋ္ဌာန်းထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏အရည်အချင်း ပျက်ယွင်းခြင်းအပိုဒ်ကို ထပ်မံဖြည့်စွက်ပေးရန် တင်ပြလိုခြင်းဖြစ်ပါတယ်ခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ မူလတာဝန်ထမ်းဆောင်စဉ်က အရည်အချင်းပြည့်ဝသူဖြစ်သော်လည်း တာဝန်ထမ်းဆောင်နေတဲ့အချိန်ကာလအတွင်းမှာ အရည်အချင်းပျက်ယွင်းမှုများဖြစ်ပေါ်လာပါက အရေးယူဆောင်ရွက်နိုင်ရန်အတွက် ဖြည့်စွက်ပေးနိုင်ပါရန်တင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အခန်း (၃) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွင်

ပြည့်စုံရမည့်အရည်အချင်းစုစုပေါင်း ၁၁ ချက်ရှိပါတယ်။ ဥပမာအားဖြင့် တင်ပြရရင် ဗိုလ်မှူး သော်ဇင် တင်ပြသွားတဲ့ ကျွန်တော်တို့ ကျန်းမာရေးကောင်းမွန်ပြီး ပေးအပ်တဲ့တာဝန်ကိုထမ်းဆောင်နိုင်စွမ်းရှိသူ ဖြစ်ခြင်းဆိုတဲ့အပိုဒ်အနေဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဟာတာဝန်ထမ်းဆောင် နေချိန်မှာ ကျန်းမာရေးမကောင်းတော့သော်လည်း ဟန်ပြအနေဖြင့်အုပ်ချုပ်ရေးမှူးတာဝန်ကို ထမ်းဆောင်ခိုင်းထားပြီးတော့ ဆက်လက်ပြီးတော့ တာဝန်ထမ်းဆောင်နေတာမျိုးတွေဖြစ်နိုင်တဲ့ အတွက် ဒါတင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီး အပိုဒ် (ဆ)အဖြစ် ပြင်ဆင်ရန်တင်ပြချက်အနေကတော့ ကျွန်တော်တို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်ကြတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော လူဦးရေစုစုပေါင်းရဲ့ ငါးရာခိုင်နှုန်းက လက်မှတ်ရေးထိုးထားသောတိုင်ကြားခြင်း ကိုလက်ခံရရှိခြင်း အပိုဒ်ကိုတော့ ကျွန်တော်တို့ ရွှေကျင် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းတင်သွင်းသွားတဲ့ အဆို၊ ပြန်လည်ရုပ်သိမ်းသွားတဲ့အဆိုနဲ့ သဘောထားခြင်းတူညီတဲ့အတွက် ဒီအပိုဒ် (ဆ)တင်ပြချက်ကိုတော့ရုပ်သိမ်းပေးနိုင်ပါရန်အတွက် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်ရှိပါသလား။

**ဗိုလ်မှူးတင်ထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်ထွန်း ဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းအောင် တင်သွင်းတဲ့အဆိုကို ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ မူလပြဋ္ဌာန်းချက်အပိုဒ် ၁၅ ၊အပိုဒ်ခွဲ (က)မှ (င) အထိနောက်တွင် အပိုဒ်ခွဲ (စ) ဖြင့်ဤဥပဒေ အခန်း(၃)တွင်ပြဋ္ဌာန်းထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အရည်အချင်းပျက်ယွင်းခြင်းအဖြစ် အခြေခံဥပဒေအရဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ငါးရာခိုင်နှုန်းက လက်မှတ်ရေးထိုးထားသော တိုင်ကြားချက်ကိုလက်ခံရရှိခြင်းဆိုတဲ့ အပိုဒ်ခွဲ အား ဖြည့်စွက်ရန်ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ အပိုဒ် ၁၅(စ)နဲ့ ပတ်သက်ပြီးတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့အရည်အချင်း ပျက်ယွင်းခြင်း ဆိုတဲ့ပြင်ဆင်ရန်တင်ပြချက်အပေါ်မှာ အထူးတင်ပြရန်မရှိပါဘူးခင်ဗျား။ (ဆ)ကတော့ ပြန်လည်ရုပ်သိမ်း ပြီးဖြစ်တဲ့အတွက် ထပ်မံတင်ပြရန်မရှိပါဘူး။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၅ သည်ပြင်ဆင်ချက်အတိုင်း အပိုဒ် ၁၅ သည်ဆိုတဲ့နေရာမှာ (စ) ဘက်ကိုဆိုလိုပါတယ်။ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၆၊ အပိုဒ်ခွဲ (က)အတွက် ဗိုလ်မှူး တင်မောင်လွင်အား ပြင်ဆင်ချက်အဆိုကို တင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးတင်မောင်လွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော် သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း-၁၈၉၉၇ ဗိုလ်မှူးတင်မောင်လွင်ဖြစ်ပါ တယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကြမ်း အခန်း (၈)၊ နှုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်းအပိုဒ်မှ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) ကိုဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးမှာကတော့ ပုဒ်မ ၁၆၊ အပိုင်း (က)တစ်ခုတည်းဖြစ်ပေမယ့် အဲဒီဟာကို ကျွန်တော်နှစ်ပိုင်းခွဲပြီး ဆွေးနွေးတင်ပြ လိုပါတယ်။ ပုဒ်မ ၁၆၊ပုဒ်မခွဲ (က) မူလပြဋ္ဌာန်းချက်မှာ နှုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခြင်းကြောင့် လစ်လပ်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနေရာအတွက် ပုဒ်မ ၅၊ ၆ နှင့် ၇ တို့ပါပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်၍ ရက်ပေါင်း ၃၀ အတွင်း အစားထိုးခန့်အပ် တာဝန်ပေးရမည်လို့ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာ ကျွန်တော် ပထမပိုင်းအနေနဲ့ ပုဒ်မ ၅ ၊ ၆ နှင့် ၇ တို့ပါ ပြဋ္ဌာန်းချက်နှင့်အညီဆိုတဲ့အပိုင်းလေးကို ဆွေးနွေးတင်ပြချင်ပါတယ်။ ဒီ ပုဒ်မခွဲ ၁၆၊ ပုဒ်မ ၅ မှာ ပုဒ်မ ၅ ရဲ့ ပြဋ္ဌာန်းချက်ကတော့ ကျွန်တော်တို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှာ ပြည့်စုံရမယ့် ခုနအခန်း (၃)ပါ အချက်များဖြစ်ပါတယ်။ပုဒ်မ ၆ ကတော့ ဒီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ဖို့အတွက် ရပ်ကွက်အတွင်းမှာ ကျေးရွာရပ်ကွက်အတွင်းမှာ အများကြည်ညို လေးစားပြီး သြဇာတိက္ကမနဲ့ပြည့်စုံတဲ့ ရပ်မိရပ်ဖငါးဦးရွေးချယ်ပြီးတော့မှ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ဖို့ဖြစ်ပါတယ်။ ပုဒ်မ ၇ မှာကတော့ ဒီ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ရဲ့ ကြီးကြပ်ကွပ်ကဲ မှုနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေကို အုပ်ချုပ်ရေးမှူး ရွေးချယ်ဖို့အဆင့်ဆင့်ကို ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အဲဒီပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ)မှာ ပုဒ်မခွဲ (စ)အရ ရွေးချယ်ရရှိသော ဦးစားပေး အစီအစဉ်ကိုပြုစုပြီး လျှို့ဝှက်ဆန္ဒမဲအများဆုံးရရှိသော ပုဂ္ဂိုလ်၏အမည်စာရင်းနှင့် ကိုယ်ရေးအချက် အလက်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်ဟုသာပါရှိပါတယ်။ ခန့်အပ်တဲ့အဆင့်ထိ

မပါဝင်သေး ကြောင်းတွေ့ရှိရပါတယ်ခင်ဗျား။ဒါကြောင့်မို့လို့ ကျွန်တော်အနေနဲ့ ပုဒ်မ ၈ မှာပြဋ္ဌာန်းထားတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့က တင်ပြသောအမည်စာရင်းပါ ပုဂ္ဂိုလ်ကိုစိစစ်ပြီး ပုဒ်မ ၅ ပါ အရည် အချင်းများနဲ့ပြည့်စုံပါက ခရိုင်အုပ်ချုပ်ရေးမှူး၏အတည်ပြုချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး အဖြစ်ခန့်အပ်တာဝန်ပေးအပ်ရမည်ဟူသော အပိုဒ်ကိုဖြည့်စွက်ခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒုတိယအပိုင်း ကတော့ ပြဋ္ဌာန်းချက်နှင့်အညီ ပုဒ်မ ၅၊၆၊၇ ပြဋ္ဌာန်းချက်နှင့်အညီဆောင်ရွက်၍ ရက်ပေါင်း ၃၀ အတွင်းအစားထိုး ခန့်အပ်တာဝန်ပေးရမည်ဆိုတဲ့ အပိုင်းကို ဆက်လက်ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ ဒီပုဒ်မ ၅၊ ၆၊ ၇ ပါပြဋ္ဌာန်းချက်များသည် လည်းပဲ ပြန်လည်ရွေးချယ်ပြီးတော့ ဒီပြဋ္ဌာန်းချက် အတိုင်းဆိုလို့ရှိရင် ပြန်လည်ခန့်အပ်ရတာဖြစ်ပါတယ်။ ဒီအစားထိုးခန့်အပ်ခြင်းနဲ့ပတ်သက်ပြီးတော့ ဒီပုဒ်မ ၁၆၊ (ဂ) မှာ ပြဋ္ဌာန်းထားတာလေး ကျွန်တော် အနည်းငယ်တင်ပြလိုပါတယ်။ ပုဒ်မ ၁၆(ဂ) မှာတာဝန်မှ ယာယီရပ်ဆိုင်းခြင်းခံရသည့် ကာလတွင်ဖြစ်စေ ဒီနှုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်းကြောင့် လစ်လပ်နေသည့်ကာလတွင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ တာဝန်ကိုထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူး သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ပုဒ်မ ၇၊ပုဒ်မ ခွဲ(ဆ) အရ ဒုတိယဦးစီးပေးအဆင့် ရရှိသူအား တာဝန်ပေးအပ်ရမည်ဟုပြဋ္ဌာန်းထားပါတယ်။ ဒီထဲမှာလည်းပဲ ယာယီတာဝန်ပေးအပ်ဖို့ပဲ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အစားထိုးခန့်အပ်ဖို့အတွက် ပထမပြဋ္ဌာန်းထားတဲ့ အစဦအတိုင်းကို ဒုတိယ ဦးစီးပေးကိုဆက်လက်ခန့်အပ်မယ်လို့ ပြဋ္ဌာန်းထားခြင်းလည်းမရှိပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ ဒီပုဒ်မ၊ ရက်ပေါင်း ၃၀ အတွင်း အစားထိုး ခန့်အပ်တာဝန်ပေးရမည်ဆိုတဲ့စကားရပ်အစား ပြဋ္ဌာန်းချက်နှင့်အညီ ရက်ပေါင်း ၃၀ အတွင်း အသစ်ပြန်လည်ရွေးချယ်ခန့်အပ်ရမည်လို့ ကျွန်တော်ပြင်ဆင်ချင်တာဖြစ်ပါ တယ်။ ဒါ အသစ်ပြန်လည်ရွေးချယ်ခန့်အပ်တယ်ဆိုတာလည်းပဲ ကျွန်တော်အနေနဲ့စကားရပ်သာ အသုံးအနှုန်းသာပြောင်းလဲသွားတာဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းဆက်လက်ပြီး ရွေးချယ်တဲ့အဆင့်က တော့ မူလပြဋ္ဌာန်းချက်ပါ ပုဒ်မ ၅၊ ၆၊ ၇ ပါပြဋ္ဌာန်းချက်အတိုင်းပဲရွေးချယ်ပြီးတော့ ပုဒ်မ ၈ ပါအတိုင်း ခရိုင်အုပ်ချုပ်ရေးမှူးရဲ့ အတည်ပြုချက်ရရှိမှသာ အတည်ပြုခန့်အပ်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဖြည့်စွက်တင်ပြရခြင်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးလေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်မောင်လွင် တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုကို ကျွန်တော် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးလေးနိုင်မှ ထောက်ခံပါကြောင်းလေးစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ မူလပြဋ္ဌာန်းချက်ပါပုဒ်မ ၅၊ ၆ နှင့် ၇ ဆိုသည့်စကားရပ်အစား ပုဒ်မ ၅၊ ၆ ၇ နှင့် ၈ ဆိုသည့်စကားရပ်နှင့် စာပိုဒ်အဆုံးမှာအစားထိုးခန့်အပ်ပေးရမည်ဆိုသည့် စကားရပ်အစား အသစ်ပြန်လည်ရွေးချယ်ခန့်အပ်မည်ဆိုသည့် စကားရပ်အစားထိုးရန်ဖြစ်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောထားကိုသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုမူလပြဋ္ဌာန်းချက်ပါ အပိုဒ် ၁၆ (ဃ) မှာဖော်ပြထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနေရာအတွက် ပုဒ်မ ၅၊ ၆၊ ၇ တို့ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်၍ ရက်ပေါင်း ၃၀ အတွင်း အစားထိုးခန့်အပ်တာဝန်ပေးအပ်ရမည်ဆိုတာဟာ အသစ်ခန့်အပ်မယ့်အုပ်ချုပ်ရေးမှူးကို လုပ်ထုံးလုပ်နည်းအဆင့်ဆင့်အား ဖော်ပြထားခြင်းသာဖြစ်ပါတယ်။ ဒီလို ပုဒ်မ ၅၊ ၆၊ ၇ ကိုဆောင်ရွက်တဲ့နေရာမှာ ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်ပြီးတော့ ပုဒ်မ ၈ အရ ခရိုင်အုပ်ချုပ်ရေးမှူးထံတင်ပြပြီး ဆောင်ရွက်သွားရမယ့်အဓိပ္ပါယ်ပဲဖြစ်ပါတယ်။ ဒီနေရာမှာ အသစ်ပြန်လည်ရွေးချယ်ခန့်အပ်ခြင်းလို့ ပြင်ဆင်တင်ပြထားတာဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်မှာတော့ အစားထိုးခန့်အပ်ခြင်းလို့ ပြဋ္ဌာန်းထားပါတယ်။ သက်တမ်းတစ်ခုမပြည့်မီဖြစ်တဲ့အတွက် အသစ်ပြန်လည်ခန့်အပ်လို့ မရဘဲ အစားထိုးပြန်လည်ခန့်အပ်ခြင်းသာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုကဲ့သို့ မူလပြဋ္ဌာန်းချက်မှာ ဖော်ပြထားပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဗိုလ်မှူးတင်မောင်လွင်ရဲ့ သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးတင်မောင်လွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ တင်ပြချက်ကတော့ လစ်လပ်သွားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနေရာအတွက် ပုဒ်မ ၅၊ ၆ နဲ့ ၇ တို့ပါပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်၍ဆိုတဲ့အထဲမှာလည်းပဲ ၅၊ ၆၊ ၇ နှင့်အညီ

ဆောင်ရွက်တဲ့အထဲမှာပုဒ်မ ၈ မပါသေးတဲ့အတွက် ခရိုင်ဥက္ကဋ္ဌက အတည်မပြုရသေးတဲ့အတွက် ခန့်အပ်ပြီးသားလို့ မဆိုလိုတဲ့အနေအထားမျိုး ကျွန်တော်လေ့လာမိသလောက်၊ သိရှိမိသလောက်တင်ပြတာဖြစ်ပါတယ်။ အသစ်ပြန်လည်ရွေးချယ်တယ်ဆိုတာလည်း ဒီသက်တမ်းကာလအတွင်းမှာဖြစ်သော်လည်း ပုဒ်မ ၅၊ ၆၊ ၇ ပါအတိုင်းသာ ပြန်လည်ဆောင်ရွက်ရမှာကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီနည်းအရပဲ ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုခံယူမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဗိုလ်မှူးတင်မောင်လွင်ရဲ့ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ ဦးသိန်းညွန့်မျက်စိကောင်းတယ်ရေပေးပါ။ ခင်ဗျားတို့ အခြမ်း၊ ဒီဘက်က ဒေါ်ခင်စောဝေ ထုံးစံအတိုင်းရေလိုက်ပါ။ မျက်စိကောင်းတဲ့ ဆရာကြီး ဦးမောင်မောင်ဝင့် ရေရင်ပိုကောင်းမယ်ထင်တယ်။ ထောက်ခံတာက ၁၆၃ ယောက်၊ ကြားနေက ၃ ယောက်၊ ကျန်ရှိက ၂၁၀ ယောက်။ ဒါကြောင့်မို့လို့ ဗိုလ်မှူး တင်မောင်လွင်အဆို အတည်မဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၆၊ အပိုဒ်ခွဲ (က) သည်မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ် အပိုင်းဖြစ်ကြောင်းအတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၆၊ အပိုဒ်ခွဲ (ခ)အတွက် ပြင်ဆင်ချက်အဆိုမရှိပါ။ ဒါ့ကြောင့် အပိုဒ် ၁၆ ၊ အပိုဒ်ခွဲ (ဂ) အတွက် ဦးသိန်းညွန့်အား ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကွန်းမဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရွေးချယ်တင်မြှောက်ခြင်းမူ အရေးနိမ့်သွားပြီးနောက်ပိုင်းမှာ ဒီအပိုဒ်တွေဟာ အလိုအလျောက်ပဲ ပျက်ပြယ်သွားပါပြီ ဥက္ကဋ္ဌကြီး။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်နောက် ဦးသိန်းညွန့် နာမည်ခေါ်လို့ရှိရင် မတ်တတ်ရပ်လိုက်။ ကျွန်တော် အရေးနိမ့်ပါပြီခင်ဗျာ့လို့ ကြေညာလိုက်ရင်ရပြီ။ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းရဲ့အခန်း ၉ နဲ့ အခန်း ၁၀ အပိုဒ် ၁၇ မှ အပိုဒ် ၂၄ အထိ ပြင်ဆင်ချက်မရှိပါ။ ဒါ့ကြောင့် အဆိုမှာ အခန်း ၁၁ ခေါင်းစဉ်အပါအဝင် အပိုဒ် ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀ နှင့် အခန်း ၁၂ ခေါင်းစဉ်အပါအဝင် အပိုဒ် ၃၁၊ ၃၂၊ ၃၃၊ ၃၄ တို့သည်

ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဦးစောလှထွန်းက ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ပြင်ဆင်ချက်အဆိုကို စုပေါင်းတင်ပြခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ၂၉-၈-၂၀၁၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမမြောက်နေ့မှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေမူကြမ်းကိုတင်သွင်းသွားခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ ဥပဒေကြမ်းတင်ပြချက်မှာပါဝင်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေမူကြမ်း၏ အခန်း ၁၁ နှင့်အခန်း ၁၂ ပါအပိုဒ် ၂၅ မှ အပိုဒ် ၃၄ အထိပြဋ္ဌာန်းချက်များမှာ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် ၎င်းစီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သောအမိန့်များကို အယူခံခြင်း၊ ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းများဖြစ်သဖြင့် တရားစီရင်ရေးကဲ့သို့သော လုပ်ပိုင်ခွင့်ကျင့်သုံးရန် ဖြစ်ကြောင်းတင်ပြသွားခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)၌ နိုင်ငံတော်၏အချုပ်အခြာ အာဏာ၏ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ နှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကြောင်းခြင်းတို့ကို ပြုသင့်သည်ဟုပြဋ္ဌာန်းထားပါကြောင်း၊ ထို့အပြင် ပုဒ်မ ၂၉၃ တရားရုံးများ ဖွဲ့စည်းခြင်း ပုဒ်မ ၃၁၇ တွင် တရားသူကြီးများ စီမံခန့်ခွဲခြင်းပါပြဋ္ဌာန်းချက်များနှင့်လည်း ဆန့်ကျင်နေပြီး အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ ရောထွေးနေကြောင်း စိစစ်တွေ့ရှိရကြောင်း တင်ပြသွားခဲ့ပါတယ်။ ထိုသို့တင်ပြချက်များသည် ဥပဒေကြမ်းကော်မတီအနေနှင့် စိစစ်တွေ့ရှိချက်များအဖြစ်ဖော်ပြ တင်သွင်းခြင်းသာဖြစ်သဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူနိုင်ရေးအတွက် ပြင်ဆင်ချက်လိုအပ်လာပါတယ်။ သို့ပါ၍ ကျွန်တော့်အနေဖြင့် ချောင်းဦးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ပြင်ဆင်ချက်အဆိုကို ထပ်မံတင်သွင်း ရခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့်တင်ပြရရင်တော့ ရည်ရွယ်ချက်ကောင်းပြီး အများပြည်သူ မျှော်လင့်စောင့်စားနေကြတဲ့ ဥပဒေကြမ်းတစ်ရပ်ဖြစ်တာနဲ့အညီ ပိုမိုပြည့်စုံကောင်းမွန်သော ဥပဒေတစ်ရပ်ပေါ်ထွက်လာစေရေး အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညိစွန်းနေသောအချက်များကို ဖယ်ရှားဖြည့်စွက်ရခြင်းသာဖြစ်ပါကြောင်းကိုလည်း ပြည်ထောင်စုဝန်ကြီးအားတင်ပြလိုပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ပြင်ဆင်ချက်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေမူကြမ်း အခန်း (၁၁) စီမံခန့်ခွဲရေးနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း အခန်းခေါင်းစဉ်

နှင့် ပုဒ်မ ၁၂ အယူခံခြင်းနှင့်ပြင်ဆင်ခြင်းများကို ပယ်ဖျက်ရန် နှင့် အခန်း (၁၃) ပြစ်မှုနှင့် ပြစ်ဒဏ်များ အခန်းမှာ မည်သူမဆို ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ ပါတာဝန်ကို ဆောင်ရွက်ရန်ပျက်ကွက်လျှင် ထိုသူကို ကျပ် ၅၀၀၀ ထက်မပိုသော ငွေဒဏ်ကိုချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ၇ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန်သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်ဟု ပြင်ဆင်ချက်ကို လည်းကောင်း၊ အပိုဒ် ၃၅ နှင့် ၃၆ တွင် သက်ဆိုင်ရာတရားသူကြီးကဟူသော စကားရပ်ကို သက်ဆိုင်ရာတရားရုံးကဟု ပြင်ဆင်ချက်ကို တင်သွင်းပါကြောင်း ပုဒ်မအစီအစဉ်များ အခန်းအလိုက် ခေါင်းစဉ် အစီအစဉ်များကိုလည်းပြောင်းလဲသတ်မှတ်ပေးသွားရန်ဖြစ်ကြောင်းကို တင်ပြအပ်ပါတယ် ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်ရှိပါသလား။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချောင်းဦးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းတင်သွားတဲ့အဆိုကို ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာမူလပြဋ္ဌာန်းချက်အခန်း (၁၁) ခေါင်းစဉ်အပါအဝင် အပိုဒ် ၂၅၊၂၆၊၂၇၊၂၈၊၂၉၊ ၃၀ နှင့် အခန်း (၁၂) ခေါင်းစဉ်အပါအဝင် အပိုဒ် ၃၁၊ ၃၂၊ ၃၃ ၊ ၃၄ တို့ကို ပယ်ဖျက်ရန်ဖြစ်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီးပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူလပြဋ္ဌာန်းချက်ပါ အခန်း (၁၁) စီမံခန့်ခွဲရေးနည်း လမ်းအရ အရေးယူခြင်းနှင့် အခန်း (၁၂) အယူခံခြင်းနဲ့ပြင်ဆင်ခြင်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြပါမယ်ခင်ဗျား။ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းဟာ အုပ်ချုပ်ရေးဥပဒေနဲ့အညီ ဆောင်ရွက်ခြင်းသာဖြစ်ပါ တယ်။ အုပ်ချုပ်ရေးသမားများအနေနဲ့ အုပ်ချုပ်ရမယ့်သူများဟာ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူ ခွင့်ရှိမှသာလျှင် ရပ်ရွာ၏အေးချမ်းသာယာမှုကို ထိန်းသိမ်းနိုင်ပြီး ရပ်ရွာ သို့မဟုတ် ကျေးရွာအုပ်စုတွင် နေထိုင်သူတွေရဲ့ တာဝန်ဝတ္တရားတွေကို ကြီးကြပ်နိုင်မှာဖြစ်ပါတယ်။ အခန်း (၇) ပုဒ်မ ၁၃ မှာဖော်ပြထား တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ လုပ်ငန်းတာဝန်တွေကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာပဲဖြစ်ပါတယ်။ ယခုအုပ်ချုပ်ရေးနည်းလမ်းအရ စီမံခန့်ခွဲတဲ့

ကိစ္စရပ်တွေဟာ တရားစီရင်ရေးဆိုင်ရာပြစ်မှုပြစ်ဒဏ်တွေမဟုတ်ပါဘူး။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းပြုမည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်များရှိပြီးတော့ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ကို ကျင့်သုံးခြင်းမပြုရန်တားမြစ်ထားတဲ့ပြဋ္ဌာန်းချက် မပါရှိကြောင်းတွေ့ရှိရပါတယ်။ ဒီတွေ့ရှိချက်အရ အချုပ်အခြာအာဏာသုံးရပ်ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲသော်လည်း စီမံခန့်ခွဲရေးဆိုင်ရာ အုပ်ချုပ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်လာလို့ရှိရင်သက်ဆိုင်ရာ စီမံခန့်ခွဲရေးအရာရှိက စီမံခန့်ခွဲရေးပြစ်ဒဏ်များကို ကျင့်သုံးနိုင်ရန် ဥပဒေမှာထည့်သွင်းဖော်ပြထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ရာမရောက်ကြောင်း သုံးသပ်ရရှိပါတယ်။ တရားရေးသဘောဆောင်တဲ့သဘောအရ အုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်ထားသောဆုံးဖြတ်ချက် ချမှတ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခြင်းသည် စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ခြင်းသည် တရားရေးသဘောဆောင်တဲ့သဘောအရ ကျင့်သုံးခြင်းဖြစ်သည်။ ယင်းစီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ခွင့်ကိုကျင့်သုံးနိုင်ကြောင်း တင်ပြပါအတိုင်း ခေတ်အဆက်ဆက်ဥပဒေပြဋ္ဌာန်း ဆောင်ရွက်ခဲ့သဖြင့် ယခုအခါမှာလည်းဆက်လက်ပြီးတော့ ကျင့်သုံးနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စီမံခန့်ခွဲခြင်းနည်းလမ်းအရအရေးယူခြင်းဟာ အုပ်ချုပ်ရေးစနစ်ခိုင်မာခြင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းခြင်းတို့အား အထောက်အကူပြုနိုင်မှာပဲဖြစ်ပါတယ်။ ထို့အတူပဲ အယူခံခြင်းဆိုင်ရာ ကိစ္စရပ်တွေဟာလည်း အုပ်ချုပ်ရေးလမ်းကြောင်းအရ စီမံဆောင်ရွက်သောနည်းလမ်းများသာဖြစ်ပါတယ်။ လက်ရှိဥပဒေများကလည်း ပြဋ္ဌာန်းဆောင်ရွက်ထားလျက်ရှိပါတယ်။ အထက်ပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူရာတွင်နစ်နာသူအား အယူခံခွင့်၊ ပြင်ဆင်ခွင့်ကို အထက်ဌာနသို့လည်း၊ အထက်ဌာနဖြစ်တဲ့ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်သို့လည်း တင်ပြခွင့်များရှိတဲ့အတွက် တရားမျှတမှုလည်းရှိပါတယ်။ သို့ဖြစ်ပါ၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနဲ့ အယူခံခြင်း၊ ပြင်ဆင်ခြင်းတို့အား ပယ်ဖျက်ခြင်းမပြုပါရန် တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစောလှထွန်းရဲ့သဘောထား သိလိုပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ စီမံခန့်ခွဲရေးနည်းအရ ပြစ်ဒဏ်ချမှတ်ခြင်းဟုကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးက ရှင်းပြသွားပါတယ်။ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကိုကြည့်သလို အကျိုး၊ အပြစ်ကို

လည်းကြည့်ပြီးတော့ တင်ပြခြင်းမျှသာဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူလိုပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ သုံးသပ်အကြံပြုချက်အပေါ် မူတည်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးက ပြင်ဆင်ချက် အဆိုတင်သွင်းထားခြင်းဖြစ်ပါတယ်။ ဒီအပေါ်မှာလည်း အဆိုတင်သွင်းထားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူလိုပါတယ်ပြောတဲ့အတွက် ဦးစောလှထွန်း တင်သွင်းတဲ့အဆိုကို ထောက်ခံတဲ့ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ အဆိုရဲ့ တင်ပြချက်ကတော့ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးရောထွေးလို့မရကြောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ အပေါ်မူတည်ပြီးတော့ ဒီလိုအဆိုပြုတင်သွင်းခြင်းဖြစ်တယ်လို့ပြော ပါတယ်။ ကြားနေများ မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ မဲခွဲဆုံးဖြတ်မှုရလဒ်အား ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၂၅၅ မဲ၊ ကန့်ကွက် ဆန္ဒမဲ ၁၁၆၊ ကြားနေမဲ ၅ မဲ၊ ထောက်ခံတဲ့သူများတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခန်း (၁၁) ခေါင်းစဉ်အပါအဝင် အပိုဒ် ၂၅၊၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀နှင့် အခန်း (၁၂) ခေါင်းစဉ်အပါအဝင် အပိုဒ် ၃၁၊ ၃၂၊ ၃၃၊ ၃၄ တို့ကို ပယ်ဖျက်ရန်ဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာမူလပြဋ္ဌာန်းချက်အခန်း (၁၃)၊ အပိုဒ် ၃၅၊ ၃၆။ အခန်း (၁၄)၊ အပိုဒ် ၃၇၊ အခန်း (၁၅)၊ အပိုဒ် ၃၈၊ ၃၉၊ ၄၀၊ အခန်း (၁၆)၊ အပိုဒ် ၄၁၊ ၄၂၊ အခန်း (၁၇)၊ အပိုဒ် ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဦးစောလှထွန်းက အပိုဒ် ၃၅ နှင့် ၃၆ အား အဆိုပြုရန်ဖြစ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ အပိုဒ် ၃၅ နှင့် ၃၆ မူလပြဋ္ဌာန်းချက်မှာပါတဲ့ သက်ဆိုင်ရာတရားသူကြီးက ဟူသောစကားရပ်ကို သက်ဆိုင်ရာတရားရုံးကဟု ပြင်ဆင်ရန်တင်ပြခြင်း ဖြစ်ပါတယ်။ ထိုသို့တင်ပြခြင်းကတော့ ကျွန်တော်တို့ လုပ်ကိုင်ဆောင်ရွက်ခွင့်ကို တရားသူကြီးအစား သက်ဆိုင်ရာတရားရုံးကို ပိုမိုရည်ညွှန်းကြောင်း ဖော်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါသလား။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းတင်သွင်းတဲ့အဆိုကို ထောက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆို့မှာမူလပြဋ္ဌာန်းချက်အပိုဒ် ၃၅၊ ၃၆ သို့မဟုတ် ပြန်လည်ပြင်ဆင်သော အပိုဒ်၊ ဒါမူလဟာ၊ နောက်တစ်ခါသို့မဟုတ်ဆိုတာ ပြန်လည်ပြင်ဆင်ထားတဲ့အပိုဒ် ၂၅၊ ၂၆ ပါ သက်ဆိုင်ရာတရားသူကြီးကဆိုတဲ့ စကားရပ်အစား သက်ဆိုင်ရာတရားရုံးကဆိုတဲ့ စကားရပ်အစားထိုးရန်ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားကိုသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာတရားသူကြီးဆိုတဲ့ စကားရပ်မှ သက်ဆိုင်ရာတရားရုံးဆိုသည့် စကားရပ်အား ပြောင်းလဲခြင်းအပေါ်မှာ သီးခြားတင်ပြရန်မလိုကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးစောလှထွန်းရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မူလပြဋ္ဌာန်းချက်အပိုဒ်၃၅၊ ၃၆ သို့မဟုတ် ပြန်လည်ပြင်ဆင်သောအပိုဒ် ၂၅၊ ၂၆ ရှိသက်ဆိုင်ရာတရားသူကြီးဆိုတဲ့စကားရပ်အစား သက်ဆိုင်ရာတရားရုံးများသို့ စကားရပ်အစားထိုးရန်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ မူလပြဋ္ဌာန်းချက် အပိုဒ် ၃၆ သည်ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်။ ဦးစောလှထွန်းက ပြင်ဆင်ချက်အဆိုကိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ အမှတ်စဉ် ၄၉ အပိုဒ် ၃၆ ၏ အောက်ပြန်လည်ပြင်ဆင်သောအပိုဒ်၂၆ ၏အောက်တွင် အပိုဒ်၂၇ ထည့်ရန်အစား ပြင်ဆင်ရန်တင်ပြချက်အနေနဲ့ မည်သူမဆိုပုဒ်မ ၁၇၊ ၁၈၊ ၁၉ ပါတာဝန်ကိုဆောင်ရွက်ရန် ပျက်ကွက်လျှင်ထိုသူကိုကျပ် ၅၀၀၀ ထက်မပိုသောငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ခုနစ်၊ ရက်ထက်မပိုသောထောင်ဒဏ်ကျခံစေရန်သက်ဆိုင်ရာ တရားရုံးမှချမှတ်ရမည်ဟု ပြင်ဆင်ချက်တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်များရှိပါသလား။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ဖြစ်ပါတယ်။ ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း၏ အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုသေချာပြန်ကြည့်လိုက်တဲ့အခါမှာ ဒီဟာကအပေါ်မှာတင်ပြခဲ့တဲ့အဆိုကို အောင်မြင်သွားပြီဖြစ်တဲ့အတွက် နောက်အခါ ဒါတွေသီးခြားလုပ်စရာမလိုတော့ပါဘူး။ သဘောပြောရ မယ်ဆိုရင်တော့ ဦးသိန်းညွန့်အရေးနိမ့်သွားသလို ဒီဘက်ကလည်း အရေးသာသွားတဲ့အတွက် ဒီဟာတွေ ထည့်ပြီးတော့ သူက အခမ်းအနားအစီအစဥ်ထဲမှာမထည့်ဘဲနဲ့ နောက်ကိုကျော်သွားမည်။ ခုနက အခန်း ကို ပြောမယ်ဆိုရင်ဥပဒေရေးရာ၊ ဥပဒေပြုရေးနဲ့စီမံခန့်ခွဲရေး၊ တရားစီရင်ရေးရောထွေးတာကို ပယ်ဖျက် လိုက်တဲ့နောက်ပိုင်း အဲဒီဟာတွေအားလုံးဟာ ဒီထဲမှာအကျုံးမဝင်တော့ဘူး။ ဒါကြောင့်မို့လို့ ဘာကျန် သေးလဲ။ စာမျက်နှာ ၁၆၊ အမှတ်စဥ် ၅၂ စာပိုဒ် ၃၈ ဗိုလ်မှူးကောင်းထက်စံ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကောင်းထက်စံ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားချစ်ခင်ရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဥပဒေကြမ်းမှာပါတဲ့ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အခြားကောက်ခံရရှိသည့် အခွန်အခများဆိုတဲ့ ပြဋ္ဌာန်းချက်ကိုပယ်ဖျက်ဖို့အတွက် ကျွန်တော်ပြင်ဆင်ချက် တင်သွင်းထားပါတယ်ခင်ဗျား။ ဒီပြင်ဆင်ချက်နဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့ ဒီပြင်ဆင်ချက်တင်သွင်းရတဲ့ အကျိုးအကြောင်းဖော်ပြချက်ကို တင်ပြပါရစေခင်ဗျား။ ပထမတစ်ချက် အနေနဲ့ ဒီဥပဒေကြမ်းမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအခွန်အခ ကောက်ခံ မှုနဲ့ပတ်သက်ပြီးတော့ သီးခြားပြဋ္ဌာန်းချက်မတွေ့ရပါဘူး။ ဒုတိယအချက်အနေနဲ့ အခြေခံဥပဒေနှင့်အခြား တည်ဆဲဥပဒေတွေမှာ လက်လှမ်းမီသလောက် လေ့လာကြည့်တဲ့အခါမှာလည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို အခွန်အခကောက်ခံပြီးတော့မှ သုံးစွဲခွင့်ပြုထားသလိုမျိုး ကျွန်တော် မတွေ့ရပါဘူး။ တတိယအချက်အနေနဲ့ကတော့ ဒီပုဒ်မကို အကြောင်းပြုပြီးတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနဲ့ ကျွန်တော်တို့ အမြဲတမ်းအများဆုံးဖြစ်တတ်တဲ့ မလိုလားအပ်တဲ့ ကိစ္စရပ်တွေ ပေါ်ပေါက်နိုင်ပါတယ်။ နောက်တစ်ချက်ကလည်း ကျွန်တော်တို့ရဲ့ ဦးကြီး၊ ဦးလေး၊ဘကြီး၊ ဘထွေးတွေဟာ ဒီဥပဒေကိစ္စတွေကိုအများကြီး သူတို့နားလည်ကြတာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေဟာ မသမာတဲ့ ပုဂ္ဂိုလ်တွေဟာ ပြဋ္ဌာန်းချက်ကိုအကြောင်းပြုပြီးတော့မှ မသမာမှု

တွေဆောင်ရွက်လာနိုင်စရာရှိတဲ့အတွက်ကြောင့်မို့လို့ ယခုပုဒ်မ ၃၈၊ ပုဒ်မခွဲ (ဂ)ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အခြားကောက်ခံရရှိသည့်အခွန်အခများဆိုတဲ့ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ပေးဖို့ ရန်အတွက် သင့်တော်တယ်လို့ ထင်မြင်ယူဆလို့ ယခုလိုပြင်ဆင်ချက်အဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ် ခင်ဗျား။လေးစားပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မူလရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ ဥပဒေကြမ်း စာမျက်နှာ ၁၆ အခန်း (၁၅) ရုံးသုံးစရိတ်များခေါင်းစဉ်အောက်မှာရှိတဲ့ ပုဒ်မ ၃၈ ၊(က)၊(ခ)၊(ဂ)ကို ဗိုလ်မှူးတင်ပြ ဆွေးနွေးခဲ့ခြင်းပဲဖြစ်ပါတယ်။ ပြန်လည်တိုက်ဆိုင်ကြည့်ပါမယ်။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)**။ ။ ကျွန်တော်ကတော့ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ ဗိုလ်မှူးကောင်းထက်စံ တင်ပြသွားတဲ့အဆိုကို လှိုက်လှိုက် လှဲလှဲထောက်ခံအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာမူလပြဋ္ဌာန်းချက်အပိုဒ် ၃၈ အပိုဒ်ခွဲ(ဂ)အားပယ်ဖျက်ရန်ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအပိုင်းနဲ့ပတ်သက်၍ အခွန်အခဆိုသည်မှာ ဥပဒေနှင့်အညီခွင့်ပြုထားတဲ့ အခွန်အခကိုသာဆိုလိုခြင်းဖြစ်ပါတယ်။ အခွန်အခဆိုတဲ့ဝေါဟာရဟာလည်း ဥပဒေကခွင့်ပြုထားတဲ့ အသုံးအနှုန်းပဲဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ အခွန် ၊အခ၊ အကောက်ဆိုပြီးတော့ သုံးမျိုးဆောင်ရွက် လျက်ရှိပါတယ်။ အခွန်နဲ့ပတ်သက်ပြီးတော့ အခွန်ဆိုသည်မှာနိုင်ငံတော်၏ သယံဇာတများ၊ အရင်း အမြစ်များကို တိုက်ရိုက်ထုတ်ယူသုံးစွဲသူများက နိုင်ငံတော်ကိုပေးသွင်းရသောငွေကြေးအား အခွန်ဟု ခေါ်သည်။ နိုင်ငံတော်ဘဏ္ဍာအတွက် စည်းကြပ်ကောက်ခံသောငွေကြေးဖြစ်သည်။ ဥပမာ-မြေခွန်၊ ရေခွန်၊ တာတမံခွန်၊ ယစ်မျိုးခွန်နဲ့ ဓါတ်သတ္တုခွန်၊(ခ) အကောက်ဆိုသည်မှာ နိုင်ငံတော်၏ သယံဇာတများ အရင်းအမြစ်များကို တိုက်ရိုက်ထုတ်ယူသုံးစွဲခြင်းမပြုသော်လည်း တဆင့်ရယူသုံးစွဲသော အခွန်ထမ်း သူများ၏ စီးပွားရေးလုပ်ငန်းအပေါ်တွင်နိုင်ငံတော်၏ဘဏ္ဍာငွေရရှိရေးအတွက် စည်းကြပ်ကောက်ခံ သောငွေကြေးဖြစ်သည်။ ဥပမာအကောက်ခွန်ဦးစီးဌာနမှ ကောက်ခံသော အခွန်များပြည်တွင်းအခွန် ဦးစီးဌာနမှကောက်ခံသောအခွန်များ၊ (ဂ) အခဆိုသည်မှာ ဝန်ဆောင်မှုရယူရာမှ ဝန်ဆောင်မှုတစ်ခုနှင့် ညီမျှသောတန်ဖိုးကို ပေးချေရသောငွေကြေးအခဖြစ်သည်။ ဥပမာ-လုပ်အားခ၊ စက်ဘီးရပ်နားခ၊

ယာဉ်ရပ်နားခ စသည်တို့ဖြစ်ပါသည်။ စည်ပင်သာယာရေးဇရိယာနှင့် ကင်းလွတ်တဲ့ ကျေးရွာတွေမှာ ဒေသအလိုက် ပွဲလမ်းသဘင်တွေဆောင်ရွက်ပါကလည်း ဈေးဆိုင်ခွန်၊ သန့်ရှင်းရေးခွန်၊ စက်ဘီး ရပ်နားခွန်စသည်ဖြင့် ကြီးကြပ်သူတွေက အခကြေးငွေတွေကို ကောက်ခံလျက်ရှိပါတယ်။ ယခု ဥပဒေကြမ်းအတည်ပြုပြီးပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွေအတွက် အသုံးစရိတ်များနှင့် ပတ်သက်ပြီးတော့ ဒေသအတွက်မဖြစ်မနေသုံးစွဲမယ့် ငွေကြေးများအတွက် ဥပဒေ နှင့်ခွင့်ပြုထားတဲ့ ကောက်ခံရရှိတဲ့အခွန်အခကို ဖော်ပြထားခြင်းပဲဖြစ်ပါတယ်။ ယခင်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးတွေဟာ ချီးမြှင့်ထောက်ပံ့ငွေတွေနဲ့ ရုံးအသုံးစရိတ်တွေကို နိုင်ငံတော် ဘဏ္ဍာကနေ ထုတ်ယူသုံးစွဲခြင်းမရှိခဲ့ပါဘူး။ မိမိတို့အစီအစဉ်ဖြင့်သာ သုံးစွဲနေသူများဖြစ်ပါတယ်။ အဆိုပါစရိတ်အတွက် လက်ရှိမြန်မာနိုင်ငံမှာ ရပ်ကွက်ပေါင်း ၃၀၄၄ ၊ကျေးရွာအုပ်စုပေါင်း ၁၃၆၂၈ စုစုပေါင်း ၁၆၆၇၂ ရှိမှာဖြစ်တဲ့အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး တစ်ရုံးကို ချီးမြှင့်ငွေနဲ့ရုံးအသုံးစရိတ် တစ်လလျှင် ၁၀၀၀၀၀၊ ဥပမာချီးမြှင့်ပါက တစ်နှစ်လျှင် ၁၂ သိန်းလျာထား ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်နိုင်ငံလုံး အတိုင်းအတာအရ တစ်နှစ်ကို ကျပ်သန်းပေါင်း ၂၀၁၂၆.၄ သန်းကုန်ကျမှာဖြစ်ပါတယ်။ ရုံးတစ်ရုံးအတွက် သုံးစွဲသင့်တဲ့ငွေကြေးအား ဥပဒေနှင့်အညီ ပြဋ္ဌာန်းပြီး အခွန်ကောက်ခံခွင့်ပြုပါက နိုင်ငံတော်ဘဏ္ဍာမှ ထုတ်ယူသုံးစွဲရန်မလိုအပ်ပါဘူး။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဟာ ရုံးလုပ်ငန်းအဆင်ပြေစေရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ငွေကြေး ရှာဖွေမှုများရှိနေတဲ့အတွက် တိုင်ကြားစာများပေါ်ပေါက်၍ အရေးယူရမှုများလည်းရှိပါတယ်။ သို့ဖြစ်ပါ၍ အခွန်အခကောက်ခံမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီသတ်မှတ်နိုင်ရေး ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါတယ်။ အသေးစိတ်ဆောင်ရွက်ရမယ့်အချက်များကိုလည်း နည်းဥပဒေများ မှာထည့်သွင်းရေးဆွဲ နိုင်တာဖြစ်တဲ့အတွက် ယခုပြဋ္ဌာန်းချက်အား ပယ်ဖျက်ခြင်းမပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးသိန်းညွှန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဒီကရရှိသော ဒဏ်ကြေးငွေဆိုတာ Sensitive နဲ့ ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးက ပယ်ဖျက်တာတွေ့ရှိပြီးဖြစ်ပါတယ်။ အဲဒါကို ဒီမှာထည့်လိုက်ရင် မူလပယ်ဖျက်ထားပြီးဖြစ်တဲ့ ဒဏ်ကြေးငွေကိုပါ ထည့်ဖော်ပြတဲ့အတွက် ဥပဒေကြမ်း မှာအမှားအယွင်းပါမှာစိုးရိမ်တဲ့အတွက် ကွန့်တော်ထောက်ပြခြင်းဖြစ်ပါတယ်။ အဲဒါလေးကိုတော့ နားလည်ပေးစေလိုပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ မှန်ပါတယ်။ ခုနက ကျွန်တော်တို့ဥပဒေကြမ်းကော်မတီက အဆိုပယ်ဖျက်ခွင့်ရလိုက်တဲ့ကိစ္စတွေ နောက်ပိုင်းမှာပါလာတယ်ဆိုလို့ရှိရင် အလိုအလျောက်အကျုံးဝင် ပျက်ပြယ်သွားမှာဖြစ်ပါတယ်။ ဗိုလ်မှူးကောင်းထက်စံရဲ့သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးကောင်းထက်စံ(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားချစ်ခင်ရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသွားတဲ့အချက်တွေကို ကျွန်တော် သဘောပေါက်နားလည်တဲ့အတွက်ကြောင့်မို့လို့ အခုလိုရှင်းပြတဲ့အတွက်အများကြီး ကျေးဇူးတင်ပါတယ်လို့ ကျွန်တော်ပြောလိုပါတယ်။ ဒါပေမယ့် ကျွန်တော်နားလည်တာလေးကို ကျွန်တော်တင်ပြပါရစေခင်ဗျား။ ပြည်ထောင်စုဝန်ကြီးတင်ပြသွားတဲ့ အခွန်အခအကောက်ဆိုတာတွေဟာ သက်ဆိုင်ရာမြို့နယ်စည်ပင်၊ သက်ဆိုင်ရာလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနစတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကမှ ကောက်ခံရတဲ့ငွေတွေကို ကျေးရွာရပ်ကွက်အုပ်ချုပ်ရေးမှူးတွေက ကူညီတဲ့အနေနဲ့ကောက်ခံပေးတာဖြစ်ပါတယ်။ ဒီငွေထဲကနေပြီးတော့မှ သူတို့တိုက်ရိုက်သုံးစွဲခွင့် မရှိပါဘူးခင်ဗျား။ တကယ်လို့သူတို့ကို သုံးစွဲခွင့်ပေးမယ်ဆိုလို့ရှိရင်လည်း သက်ဆိုင်ရာဥပဒေတွေကနေပြီးတော့မှ ပြန်ပြီးတော့မှခွဲဝေပေးတာ သက်ဆိုင်ရာဥပဒေတွေမှာ ပြဋ္ဌာန်းပေးပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ကို အဓိကကျွန်တော်ရဲ့ ထင်မြင်ယူဆချက်ကတော့ ဒီလိုမျိုးအခုတင်ပြတဲ့ သဘောသဘာဝမျိုးရှိပါလျက်နဲ့ ဒီဥပဒေထဲမှာ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုတွင် အခြားကောက်ခံရရှိသောအခွန်အခဆိုတဲ့ပြဋ္ဌာန်းချက်ကို အကြောင်းပြုပြီးတော့ မသမာမှုပြုလိုတဲ့ပုဂ္ဂိုလ်တွေဟာ မသိနားမလည်တဲ့ လူတွေအပေါ်မှာ အလွဲသုံးစားလုပ်တာမျိုးတွေ ပေါ်ပေါက်လာနိုင်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်ကဒီပြင်ဆင်ချက်ကို တင်သွင်းရခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်ဟာအခု ပြင်ဆင်ချက်အဆိုကို တင်သွင်းလိုက်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီအဆိုဟာ ကျွန်တော်မပိုင်တော့ပါဘူး။ လွှတ်တော်ကသာပိုင်ပါတော့တယ်။လွှတ်တော်ရဲ့အဆုံးအဖြတ်ကို နာခံပါရစေလို့ပြောကြားလိုပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာဖြစ်တဲ့အတွက် ဗိုလ်မှူးကောင်းထက်စံရဲ့ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ ဗိုလ်မှူးကောင်းထက်စံရဲ့အဆိုကိုကန့်ကွက်မယ့်သူများမတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြောက်မဲဆန္ဒနယ်)။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးပါ။ ခုနပထမတစ်ကြိမ်မှာကတည်းက ကျွန်မကန့်ကွက်ခဲ့တဲ့အကြောင်းလေး နည်းနည်းရှင်းချင်ပါတယ်။

တကယ့်တကယ်ကျတော့ ကျွန်မတို့က ရပ်ကွက်ကျေးရွာက Executive Power နဲ့ပတ်သက်ပြီးတော့ ပြောနေကြတာပါ။ ဒီဘက်ကလည်း Legislative Power နဲ့ရောသွားမှာစိုးလို့ ပထမတစ်ကြိမ်တုန်းကလည်း ကျွန်မကန့်ကွက်ခဲ့ပါတယ်။ အခုလည်းကန့်ကွက်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အတူတူပဲ။ ကန့်ကွက်တယ်ဆိုတဲ့အတွက် ဗိုလ်မှူးကောင်းထက်စံကို ထောက်ခံတယ်ဆိုတဲ့သဘောဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ကောင်းထက်စံရဲ့အဆိုကို ကျွန်မက ကန့်ကွက်တာပါ။

**ဥက္ကဋ္ဌ**။ ။ အဲ့လိုဆိုရင်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့အဆိုကို ထောက်ခံတာပါ။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ။ ဒါကြောင့်မို့လို့ကန့်ကွက်တစ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ပြီးခဲ့တဲ့ တစ်ကြိမ်တုန်းကလည်း ပြည်ထောင်စုဝန်ကြီးရဲ့အဆိုသည် Legislative Power ရှုထောင့်ကကြည့်ရင်မှန်တဲ့အတွက် ပြည်ထောင်စုဝန်ကြီးရဲ့အဆိုကို ကျွန်မက ထောက်ခံခဲ့တာပါ။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ကောင်းပြီ။ ရပြီ။ ကြားနေများရှိရင် မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ မဲခွဲဆုံးဖြတ်မှုရလဒ်များ ကြေညာပါမယ်။ ထောက်ခံမဲ ၃၇၀ မဲ၊ ကန့်ကွက်မဲ တစ်မဲ၊ ကြားနေဆန္ဒမဲ ငါးမဲ ဖြစ်ပါတယ်။ ထောက်ခံတဲ့သူများတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလပြဋ္ဌာန်းချက် အပိုဒ် ၃၈၊ အပိုဒ်ခွဲ (ဂ) အား ပယ်ဖျက်ရန်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာမူလပြဋ္ဌာန်းချက် အပိုဒ် ၃၉၊ အပိုဒ်ခွဲ (ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဗိုလ်မှူးကောင်းထက်စံက ပြင်ဆင်ချက်အဆို တင်သွင်းဖို့ဖြစ်ပါတယ်။ (ဩဘာသံများ)

**ဗိုလ်မှူးကောင်းထက်စံ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားချစ်ခင်ရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ခုနတုန်းက တင်ပြခဲ့တဲ့အဆိုအတည်ဖြစ်သွားတဲ့

အတွက်ရယ် ဥပဒေကြမ်းကော်မတီက တင်ပြတဲ့အဆိုအတည်ဖြစ်သွားတဲ့အတွက်ရယ် အထက်ပုဒ်မ ၃၈ ပါ(ခ)နဲ့(ဂ)ဟာအလိုအလျောက်ပျက်သွားပြီဖြစ်ပါတယ်။ (က)တစ်ခုပဲကျန်ပါတယ်ခင်ဗျား။ အဲဒါကို သင့်လျော်သလိုရေးသားဖို့ရာအတွက် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပုဒ်မ ၃၈၊ (က) က လယ်ယာမြေတွင် ကောက်ခံသည့်အခွန်အတွက် ရရှိမည့် ခိုင်ကြေးအပေါ်မှာအချိုးကျရမည်။ ဒါတစ်ခုပဲကျန်ပါမယ်။ ဒီအပေါ်မူတည်ပြီးတော့ ဗိုလ်မှူး ကောင်းထက်စံက သင့်တော်သလို ရေးပေးဖို့ဆိုတာ မှန်ပါတယ်နော်။

**ဗိုလ်မှူးကောင်းထက်စံ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ မှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီးရှင့်။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ကောင်းထက်စံရဲ့အဆိုကို ကျွန်မဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကနေပြီးတော့ လေးလေးနက်နက်ထောက်ခံပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာမူလပြဋ္ဌာန်းချက် အပိုဒ် ၃၉(ခ)ပါပုဒ်မ(က)စကားရပ်အစား ပုဒ်မခွဲ(က) ဆိုတဲ့စကားရပ်ဖြင့်ပြန်တင်ပြပါမယ်။ အဆိုမှာမူလပြဋ္ဌာန်းချက် အပိုဒ် ၃၉ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မခွဲ မူလရေးထားတဲ့အတိုင်း ဆို(က)၊(ခ) ၊(ဂ)အစား ပုဒ်မခွဲ (က)ဆိုတဲ့စကားရပ်ဖြင့် ပြင်ဆင်ရန်ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မခွဲ (ခ) နဲ့ (ဂ)ဟာ ပျက်ပြယ်ပြီးဖြစ်ပါတယ်။ သို့သော်လည်း ပုဒ်မခွဲ (က)ဟာ လယ်ယာမြေကောက်ခံရရှိတဲ့အခွန်ကရတဲ့ ခိုင်ကြေးအပေါ်အချိုးကျငွေဖြစ်ပါတယ်။ အဲဒီတော့ လယ်ယာမြေမရှိတဲ့ရပ်ကွက်များအတွက် ဒီခံစားမှုဟာလည်းရရှိမှာ မဟုတ်တဲ့အတွက် ဒီတစ်ပိုဒ်လုံးနဲ့ ပတ်သက်ပြီးတော့ စဉ်းစားပေးနိုင်ပါရန် တင်ပြပါတယ်။ (သြဘာသံများ)။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ ဗိုလ်မှူးကောင်းထက်စံရဲ့သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးကောင်းထက်စံ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောက ကျွန်တော်တင်ပြတဲ့တင်ပြချက်ကို ပြန်ပြီးတော့

ပြည်ထောင်စုဝန်ကြီးရှင်းပြသွားတဲ့ အချက်ပေါ်မှာမူတည်ပြီးတော့ တင်ပြပါရစေခင်ဗျား။ ကျွန်တော် ပယ်ဖျက်ရန် အဆိုတင်သွင်းထားတဲ့ ပုဒ်မ ၃၈ ပုဒ်မခွဲ(ဂ) ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အခြားကောက်ခံရရှိသည့် အခွန်အခဆိုတဲ့နေရာမှာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ဥပဒေအရ ကောက်ခံရရှိသောအခွန်အခလို့ဆိုလို့ရှိရင်လည်း သင့်လျော်မယ်လို့ ထင်မြင်ယူဆပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)။

**ဥက္ကဋ္ဌ**။ ။ အခုအမေးနဲ့အဖြေမကိုက်ပါဘူး။ အခုဒီအပိုဒ်မှာ ဆွေးနွေးနေတာက ပုဒ်မ ၃၈ (က) အပေါ်သာ ဆွေးနွေးတာဖြစ်ပါတယ်။ ပုဒ်မ ၃၈ (ခ)နဲ့ (ဂ)က ဆုံးဖြတ်ပြီးဖြစ်ပါတယ်။ ဒါကြောင့်ခုနက ပြည်ထောင်စုဝန်ကြီးပြောတာက တချို့ရပ်ကွက်ကျေးရွာအုပ်စုတွေမှာ လယ်ယာမြေမရှိတဲ့အတွက် ပြန်လည်စဉ်းစားသုံးသပ်ပေးဖို့လို့ပြောပါတယ်။ သဘာဝကလည်း လယ်ရှိတဲ့နေရာမှာရှိတဲ့ရွာကလယ်ရှိမယ်။ လယ်မရှိတဲ့ရပ်ကွက်တွေမှာကျတော့လယ်မရှိဘူး။ ဒါကြောင့်မို့လို့ ဒီမှာ မိမိအနေနဲ့ဖြည့်စွက် အကြံပြုချင်တာက အားလုံးနဲ့အကျုံးဝင်တဲ့ အုပ်ချုပ်ရေးမှူးများ ဒီမှာဆိုရင်တော့ ရုံးအသုံးစရိတ်လို့ ပြောပါတယ်။ အဲဒါကိုပဲ သီးခြားစဉ်းစားပေးရမှာဖြစ်ပါတယ်။ တစ်ခုချင်း တစ်ခုချင်း လိုက်ပြီးတော့ စဉ်းစားနေမယ်ဆိုလို့ရှိရင် တစ်ရွာနဲ့တစ်ရွာ၊ ရပ်ကွက်တစ်ခုနဲ့တစ်ခု မတူညီပါဘူး။ ဒါကြောင့်မို့လို့ ဒီကိစ္စမျိုး မိမိပြန်ပြီးတော့ ဥပဒေကြမ်းကော်မတီကို ပြန်ပြီးတော့တင်ပြအကြံပြုချင်တာက ဒါမျိုးစပြီး တော့ဝင်လာကတည်းကိုက ဥပဒေကြမ်းကော်မတီနဲ့ သေသေချာချာစိစစ်ပြီးတော့ အပိုဒ်လိုက်၊ အပိုဒ်လိုက် သေချာပြန်စိစစ်မယ်ဆိုရင် ဒီလောက်အထိပါစရာအကြောင်းမရှိဘူး။ သို့ရာတွင်မိမိတို့ ပထမဦးဆုံးအကြိမ်ဖြစ်ပြီးတော့ အရေးကြီးဆုံးသော ဥပဒေဖြစ်တဲ့အတွက် ဒီကိစ္စမှာ ဟိုကလုပ်လာတဲ့ကိစ္စကို လွှတ်တော်ရောက်တဲ့အခါမှာလည်း လွှတ်တော်ကစိစစ်တဲ့အခါမှာ ခုနက ပြောသလိုပဲ ပြောရင်တော့နည်းနည်းအခ်ပွါယ်ရှည်သွားပါမယ်။ ဒီလိုစဉ်းစားပြီးတော့ ဆောင်ရွက်တာဟာ တကယ်တမ်းကျတော့ အခြေအနေအရရော ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ရော တချို့ကိစ္စလေးတွေဟာ နည်းနည်းလွဲတဲ့သဘောရှိတဲ့အတွက် အခုဗိုလ်မှူးကောင်းထက်စံကို သဘောထားမေးတယ်ဆိုတာက ဗိုလ်မှူးကောင်းထက်စံ တင်ပြတဲ့ လယ်ယာမြေကောက်ခံသည့် အခွန်အတွက်ရရှိသည့် ခိုင်ကြေးအပေါ်မှ အချိုးရငွေ ။ ဒါဘာကိုဆိုသလဲဆိုရင် ပုဒ်မ (က)ကို ဆိုလိုတယ်။ ပုဒ်မ (က) အတွက်ပဲ မိမိရဲ့သဘောထား ပြောဖို့လိုတယ်။ ပြီးတာတွေပြောဖို့မလိုဘူး။ ဒါကြောင့်မို့လို့ ပုဒ်မ (က) ကိုကြည့်ပါ။ ကြည့်ပြီးတဲ့အခါမှာ မိမိရဲ့သဘောထားကိုပြောပါ။ ပြောစရာမရှိဘူးဆိုရင် ဥက္ကဋ္ဌပြောပေးမယ်။

**ဗိုလ်မှူးကောင်းထက်စံ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ သီးခြားတင်ပြဖို့မရှိပါဘူးခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။သီးခြားတင်ပြဖို့ မရှိတဲ့အတွက် ဒီ ၃၈ (က)ကိုပဲ ဒီဥပဒေမှာ ဖော်ပြဖို့ဖြစ်ပါတယ်။ ကျန်တဲ့ ပုဒ်မ ၃၈ (ခ)နဲ့ (ဂ)က ဒီရဲ့နောက်ပိုင်းမှာ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလပြဋ္ဌာန်းချက်အပိုဒ် ၃၉ အပိုဒ်ခွဲ (ခ)ပါ ပုဒ်မခွဲ (က) (ခ)(ဂ) စကားရပ်အစား ပုဒ်မခွဲ (က)နှင့် (ခ) ဆိုတဲ့ စကားရပ်ပြင်ဆင်ရန် ဒီနေရာမှာပြောင်းပြီးဖြစ်တဲ့စကားရပ်အစား ပုဒ်မခွဲ (က) အတိုင်း ထားရှိရန်ဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာမူလပြဋ္ဌာန်းချက်အပိုဒ် ၄၀ သည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဦးသောင်းဟန်က ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ အပိုဒ် ၄၀ ကိုပြင်ဆင်ချက် တင်သွင်းထားပါတယ်။ အပိုဒ် ၄၀ ရဲ့မူလ ပြဋ္ဌာန်းချက်ကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် သုံးစွဲငွေများနှင့် စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမယ်လို့ပါရှိပါတယ်။ ကျွန်တော်ပြင်ဆင်ရန်တင်ပြတဲ့ ပြင်ဆင်ချက်ကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။ အဆိုပါရငွေသုံးငွေစာရင်းကို အများပြည်သူ သိရှိနိုင်ရန် လစဉ်ရှင်းလင်းကြေညာရမည်လို့ ကျွန်တော်ပြင်ဆင်ချက် တင်သွင်းထားပါတယ်။ ကျွန်တော့်ရဲ့ပြင်ဆင်ချက်ဟာ တကယ်တော့ဥပဒေအဖြစ်နဲ့ တင်းကြပ်စွာပြဋ္ဌာန်းရန်မသင့်ပါဘူး။ ကျွန်တော်တို့ဥပဒေကြမ်းမှာ ဥပဒေကြမ်းအခန်း (၁၇) မှာပါရှိတဲ့အတိုင်း အခန်း (၁၇) (၄၅) မှာ ဖော်ပြပါရှိတဲ့အတိုင်း ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်ပြီး၊ (ခ) ပြည်ထောင်စု အစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သောအမိန့်၊ ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်လို့ပါရှိပြီး ဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့အဆိုကို ဒီဥပဒေကြမ်း ပိုမိုကျစ်လစ်မှုအတွက်လည်းကောင်း၊ ခုနအခန်း (၁၇) မှာ ပြည်ထဲရေးဝန်ကြီးဌာနကထုတ်ပြန်နိုင်တဲ့

အတွက်ကြောင့်လည်းကောင်း ကျွန်တော်တင်သွင်းထားတဲ့ ပြင်ဆင်ချက်အဆိုကိုပြန်လည်ရုပ်သိမ်းကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသောင်းဟန်အဆိုကို ပြန်လည်ရုပ်သိမ်းတဲ့အတွက်မူလပြင္ဆာန်းချက်အတိုင်း ထားရှိရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာ မူလပြဋ္ဌာန်းချက်အပိုဒ် ၄၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဦးထွန်းမြင့်ဦးက ပြင်ဆင်ချက်အဆို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းမြင့်ဦး( မိုင်းပန် မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည် တောင်ပိုင်း၊ မိုင်းပန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦး ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေကြမ်းအပိုဒ် ၄၃ နဲ့ အပိုဒ်ခွဲ (ဃ) ကို ကျွန်တော်ဆွေးနွေးတင်ပြအပ်ပါတယ်။ အပိုဒ်၄၃ မှာဖော်ပြထားတာကတော့ သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းသည် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ထိရောက်စေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည်ဟုဆိုထားတဲ့အတွက် သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းကို ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး စီမံခန့်ခွဲရေးလုပ်ငန်း ကိစ္စရပ်များနဲ့ပတ်သက်ပြီး တိုက်ရိုက်တွဲဖက်ပေးထားတဲ့ သဘောဖြစ်နေပါတယ်။ တနည်းအားဖြင့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ တာဝန်ဝတ္တရားများကို ဝင်ရောက်စွက်ဖက်ခွင့်ပေးထားခြင်းပါပဲ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ မိမိတို့ရဲ့ဝန်ကြီးဌာနနဲ့ ရဲတပ်ဖွဲ့တို့ကို အပ်နှင်းထားတဲ့ ဥပဒေ ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ၊ ညွှန်ကြားချက်များရှိပြီးသားလည်းဖြစ်ပါတယ်။ ဒါကြောင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်မှု စီမံခန့်ခွဲမှုအားတိုက်ရိုက်ဝင်ရောက်စွက်ဖက်ခြင်းမဟုတ် ၊ ရဲတပ်ဖွဲ့ဝင်များရဲ့ ဥပဒေ ၊ လုပ်ထုံးလုပ်နည်းနဲ့အညီလည်းဖြစ်စေရန် အပိုဒ် ၄၃ ပါ ဖော်ပြထားချက်အနက် နည်းဥပဒေနဲ့အညီ ဆိုတဲ့စကားရပ်ကို ထပ်မံဖြည့်စွက်ထည့်သွင်းသင့်ပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ထိရောက်စေရေးအတွက် နည်းဥပဒေနှင့်အညီ အောက်ပါအတိုင်းပံ့ပိုးဆောင်ရွက်ပေးရမည်လို့ ဖော်ပြပြဋ္ဌာန်းပေးဖို့တင်ပြအပ်ပါတယ်။ အပိုဒ် ၄၃ အပိုဒ်ခွဲ(ဃ)ကို ဆွေးနွေးတင်ပြရရင် အပိုဒ်ခွဲ(ဃ) မှာဖော်ပြထားတာကတော့ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုလုံခြုံရေးနှင့် ကာကွယ်ရေးအစီအမံများအရ ဆောင်ရွက်ခြင်းလို့ဆိုထားပါတယ်။

ထပ်မံဖြည့်စွက်လိုတဲ့စကားရပ် ၊ စာသားကတော့ နိုင်ငံသားများ ၏ မူလအခွင့်အရေးနှင့် တာဝန်များ အား ထိခိုက်မှုမရှိစေပဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလုံခြုံရေးနှင့် ကာကွယ်ရေးအစီအမံများအရ ဆောင်ရွက်ခြင်းလို့ဖော်ပြပြဋ္ဌာန်းသင့်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ သက်ဆိုင်ရာရဲတပ်ဖွဲ့ တာဝန်ရှိသူ နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးတို့ဟာ လုပ်ငန်းတာဝန်များဆောင်ရွက်ရာမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) မှာပြဋ္ဌာန်းထားတဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို မမေ့လျော့စေဘဲ အမြဲကျင့်သုံးနေစေဖို့ပါ။ မူလအပိုဒ်ခွဲ (ဃ) မှာ ဖော်ပြထားတဲ့ လုံခြုံရေးနှင့် ကာကွယ်ရေးအစီအမံအရဆိုတဲ့နေရာမှာ လုံခြုံရေးဆိုတဲ့စကားလုံး၊ ကာကွယ်ရေးအစီအမံဆိုတဲ့စကားလုံးတွေ နဲ့ဥပဒေအပေါ် လက်တစ်လုံးခြားခုတုံးလုပ်ပြီး ပြည်သူတွေအပေါ်မသက်ာရင် မသက်ာသလို နိုင့်ထက်စီးနင်းပြုလုပ်လာနိုင်ပါတယ်။ လုံခြုံရေးပုဒ်မတွေကို အကြောင်းအမျိုးမျိုးပြပြီး ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၁ နှင့် လည်း မလျော်ညီဘဲ။ ဥပမာအားဖြင့် မလိုလားအပ်ဘဲ ရပ်၊ ကျေးနေပြည်သူများကို အလှည့်ကျ နေ့ညလုံခြုံရေးကင်းများစောင့်ခိုင်းခြင်း၊ ဥပဒေဘောင်အတွင်းကရှိရမယ့် ပြည်သူများရဲ့လွတ်လပ်ခွင့်ကိုထိပါးနှောက်ယှက်စေတဲ့ ညအချိန်မတော် ဧည့်စာရင်းဝင်ရောက်စစ်ဆေးခြင်း၊ ဖမ်းဆီးစစ်ဆေးခြင်း၊ မြို့နှင့်ကျေးရွာအဝင်အထွက်ဂိတ်များမှာ လုံခြုံရေးအကြောင်းပြပြီး ပိတ်ပင်ဟန့်တားစစ်ဆေးခြင်း၊ မေးမြန်းခြင်း စသည့်ကိစ္စရပ်များလိုတာထက် ပိုမိုရှိလာနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်/ကျေးအုပ်ချုပ်ရေးစနစ်ဆိုတာ နိုင်ငံအစိုးရတစ်ခုရဲ့ အုပ်ချုပ်ရေးယန္တရားတစ်ခု၊ ပြယုဂ်တစ်ခုဖြစ်ပါတယ်။ ရပ်/ကျေးအုပ်ချုပ်ရေးစနစ်ရဲ့ ဒီမိုကရေစီနည်းလမ်းတကျ စီမံခန့်ခွဲအုပ်ချုပ်ခြင်း ရှိ၊ မရှိ ဆိုတာကလည်း နိုင်ငံတော်အစိုးရအပေါ် ရောင်ပြန်ထင်ဟပ်စေမှာ ဖြစ်ပါကြောင်း ဖတ်ကြားဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းစောတင်(မိုင်းယောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းပန်မဲဆန္ဒနယ်က ဦးထွန်းမြင့်ဦး တင်သွင်းသွားတဲ့အဆိုထောက်ခံအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ မူလပြဋ္ဌာန်းချက်ပုဒ်မ ၄၃ (ဃ)နေရာတွင် နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအား ထိခိုက်မှုမရှိစေသည့် လုံခြုံရေးနှင့် ကာကွယ်ရေးအစီအမံအရ

ဆောင်ရွက်ခြင်းဆိုတဲ့ စကားရပ်အစားထိုးရန်ဖြစ်သည်။ ဒီဟာနဲ့ပတ်သက်လို့ ရေးသားချက်နဲ့ကိုက်ညီမှု မရှိပါဘူး။ သူ့မူရင်းအတိုင်းပဲပြောဖို့ဖြစ်ပါတယ်။ ဦးထွန်းမြင့်ဦးက ပြင်ဆင်ဖို့သည် သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ထိရောက်စေရေးအတွက် နည်းဥပဒေနှင့်အညီ အောက်ပါအတိုင်း ပံ့ပိုးဆောင်ရွက် ပေးရမည်ဆိုတာ ဒီအတိုင်းတင်ပြထားတာမှန်ပါသလား။

**ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ မှန်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒါပြီးတဲ့အခါမှာ (က)၊ (ခ)၊ (ဂ) ကမူလအတိုင်းဖြစ်ပါ့မယ်။ (ဃ) မှာသာ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအား ထိခိုက်မှုမရှိစေသည့် လုံခြုံရေးနှင့်ကာကွယ်ရေး အစီအမံအရဆောင်ရွက်ခြင်း ဒါမှန်ပါသလား။

**ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ အဲဒီမှာ စာကြွင်းကျန်နေပါတယ်ခင်ဗျား။ အဲဒီမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လုံခြုံရေးနှင့်ရပ်ကွက်နှင့် ကျေးရွာအုပ်စုဆိုတဲ့ စာလုံးကျန်နေပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘယ်အပိုဒ်မှာလဲပြန်ပြောပါ၊ဖြေးဖြေးပြောပါ။

**ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**။ ။အပိုဒ် (ဃ)မှာပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပြည့်အစုံဖတ်ပြပါ။

**ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအား ထိခိုက်မှုမရှိစေပဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လုံခြုံရေးနှင့်ကာကွယ်ရေး အစီအမံများအရ ဆောင်ရွက်ခြင်းလို့ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဆိုမှာ မူလပြဋ္ဌာန်းချက် အပိုဒ် ၄၃ မှာပါတဲ့ နည်းဥပဒေနှင့်အညီ၊ နောက်တစ်ခု ကြတော့ (ဃ) အပိုဒ်မှာပါတဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအား ထိခိုက်မှုမရှိစေသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လုံခြုံရေးနှင့်ကာကွယ်ရေး အစီအမံများအရ ဆောင်ရွက်ခြင်းဆိုတဲ့ စကားရပ်အစားထိုးရန်ဖြစ်သည်။ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ဒီပြင်ဆင်ရန်တင်ပြချက်မှာ အချက်နှစ်ချက်တွေ့ပါတယ်။ပထမအချက်ကတော့

နည်းဥပဒေ နဲ့အညီပံ့ပိုးဆောင်ရွက်ရန်ဆိုတဲ့ အချက်ဖြစ်ပါတယ်။နောက်တစ်ချက်ကတော့ နေထိုင်သူများရဲ့အခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ တင်ပြချက်နှစ်ချက်တွေ့ပါတယ်။ပထမအချက်ဖြစ်တဲ့ နည်းဥပဒေနှင့်အညီပံ့ပိုးဆောင်ရွက် ရန်ဆိုတဲ့အချက်မှာ ဥပဒေကြီးကို နည်းဥပဒေနဲ့ပြန်ခိုင်း သလိုဖြစ်နေပါတယ်ခင်ဗျား။အဲဒီတော့ ဥပဒေကသာ အရင်ရေးဆွဲပြီးမှ နည်းဥပဒေနဲ့ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ဒါရှေ့နောက်မညီပဲ ဖြစ်နေတဲ့စကားရပ်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ နေထိုင်သူတွေရဲ့အခွင့်အရေးတွေ စောင့်ရှောက်ပေးရေးနဲ့ ပတ်သက်ပြီးတော့ ဤဥပဒေမှာပဲ အခန်း (၁၀)၊ပုဒ်မ ၂၄ မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ဒါကြောင့်မို့လို့ ဒီပြင်ဆင်ရန်တင်ပြချက်နဲ့ပတ်သက်ပြီးတော့ သဘောမတူကြောင်းတင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရှင်းပြတဲ့နေရာမှာ နှစ်ပိုင်းဖြစ်ပါတယ်။ နည်းဥပဒေနှင့်အညီဆိုတဲ့ဟာအစား ဥပဒေနဲ့အညီဆိုတဲ့စကားပဲတကယ်ဖြစ်သင့်တယ်ဆိုတဲ့အကြောင်း နည်းဥပဒေကတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနကရေးဆွဲရမှာ ဖြစ်ပါတယ်။ နောက်တစ်ပိုင်းကြတဲ့အခါကြတော့ (ဃ) အပိုဒ်ကို ဒီလို ဆွေးနွေးသွားခြင်းကို ပြည်ထောင်စုဝန်ကြီးက သဘောမတူကြောင်းပြောပါတယ်။ ဒါကြောင့် ဦးထွန်းမြင့်ဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ယခုလို ပြည်ထောင်စုဝန်ကြီးရဲ့ရှင်းလင်းပြောကြားချက်ကို ကျွန်တော်နားလည်သဘောပေါက်ပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော် ပြည်ထောင်စုဝန်ကြီးရဲ့ ပြောကြားချက်ကိုလက်ခံပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လက်ခံတယ်ဆိုတဲ့အတွက် အဆိုရုပ်သိမ်းတယ်လိုပြောတာလား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလပြဋ္ဌာန်းချက်အတိုင်းထားရန်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာ ဥပဒေကြမ်းပါနိဒါန်းနဲ့ခေါင်းစဉ်သည်ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်။ ကျွန်တော်တို့အဆိုမှာ ဆိုတာမှာ ပြည်ထဲရေးဝန်ကြီးဌာနက ပေးပို့တင်ပြထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုး ဥပဒေရဲ့ ဥပဒေကြမ်းမှာပါတဲ့နိဒါန်း၊ ကျွန်တော်တို့ မဆွေးနွေးခဲ့ပါဘူး။ ပြီးတဲ့အခါမှာ ခေါင်းစဉ်လည်း မဆွေးနွေးခဲ့ပါဘူး။ ကျန်တဲ့အပိုင်းတွေကိုသာ ဆွေးနွေးသွားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိဒါန်းနဲ့ ခေါင်းစဉ်ကို အတည်ပြုနိုင်ဖို့အတွက် အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ အဆိုမှာ ဥပဒေကြမ်းပါနိဒါန်းနဲ့ ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်ကသဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ၁၉-၉-၂၀၁၁ ရက် (တနင်္လာနေ့) ၁၀၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။